# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 26 September 2023 ၁၁၂၃၀


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်(ဓမ္မပဒ-၃၈၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၈၅ /၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး | အတွင်းရေးမှူး |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တွဲဖက်အတွင်းရေးမှူး |
| (၅) | ဗိုလ်ချုပ်ကြီး မြထွန်းဦး | အဖွဲ့ဝင် |
| (၆) | ဗိုလ်ချုပ်ကြီး တင်အောင်စန်း | အဖွဲ့ဝင် |
| (၇) | ဗိုလ်ချုပ်ကြီး မောင်မောင်အေး | အဖွဲ့ဝင် |
| (၈) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် | အဖွဲ့ဝင် |
| (၉) | ဒုတိယဗိုလ်ချုပ်ကြီး ညီညီစော | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ဒွဲဘု | အဖွဲ့ဝင် |
| (၁၂) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၃) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာမှုထန် | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာဘာရွှေ | အဖွဲ့ဝင် |
| (၁၆) | ခွန်စံလွင် | အဖွဲ့ဝင် |
| (၁၇) | ဦးရွှေကြိမ်း | အဖွဲ့ဝင် |
| (၁၈) | ဦးရန်ကျော် | အဖွဲ့ဝင် |

(ပုံ)

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# သထုံမြို့နယ်တွင် ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများကို စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်ဖြင့် အခမဲ့ကူညီစိုက်ပျိုးပေး

**သထုံ စက်တင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ကွင်းတွင် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများ အမြန်ဆုံးပြန်လည်အစားထိုးစိုက်ပျိုးပြီးစီးရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက အဆိုပါကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်ယာမြေ၌ ယနေ့နံနက်ပိုင်းတွင် ကောက်စိုက်စက်ဖြင့် အခမဲ့ ကူညီစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ကူညီစိုက်ပျိုးပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူတစ်ဦး၏ လယ်ယာမြေ ခုနစ်ဧက၌ ၁၈ ရက်သား ရွှေသွယ်ရင်မျိုးစပါးလေးတင်းခွဲရှိ ပျိုးဗန်းအချပ်ရေ ၇၀၀ ကို ကောက်စိုက်စက်ဖြင့် အခမဲ့ကူညီစိုက်ပျိုးပေးခဲ့ကြသည်။

သထုံမြို့နယ်အတွင်း မိုးစပါးစိုက်ကေပေါင်း ၁၃၃၁၁၁ ဧက ရှိသည့်အနက် ပြီးခဲ့သည့် **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❖

**ယနေ့ ဖတ်စရာ**

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၅

**တစ်ဦးကျန်းမာ အားလုံးတွက်တာ၊ အားလုံးအတွက် ပန်းတိုင်တစ်ချက်**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်**

စာမျက်နှာ » ၉

ကြေးမုံ

# နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်

ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုညီလာခံ (၂၀၂၃)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိကျင်းပခဲ့ရာ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းစုစုပေါင်း ၅၀ ကျော်မှ တရားဥပဒေစိုးမိုးရေးဆိုင်ရာအရာရှိကြီးများနှင့် ကျွမ်းကျင်ပညာရှင်များတက်ရောက်ပြီး ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညီလာခံတွင် ကမ္ဘာ့လုံခြုံရေးအပေါ် ကြိုတင်ခန့်မှန်းခြင်း၊ ပြည်သူ့လုံခြုံရေးအတွက် ဘက်စုံထောင့်စုံမှ စုပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာအစီအစဉ်များ တိုးမြှင့်ပြုလုပ်ခြင်း၊ လုံခြုံမှုရှိခြင်းကြောင့် ရရှိလာသည့် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို မျှဝေခံစားခြင်း စသည့်ခေါင်းစဉ် လေးရပ်ဖြင့် ဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာတွင် ကြုံတွေ့နေရသည့် လုံခြုံရေးဆိုင်ရာပြဿနာများနှင့် မြန်မာနိုင်ငံ၏ အခြေအနေများကိုထင်ဟပ်၍ လက်တွဲပူးပေါင်းဆောင်ရွက်ရမည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရေးနှင့် ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်မစွက်ဖက်ရေး ပါဝင်သည့် နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက် လိုက်နာကျင့်သုံးနေသောနိုင်ငံဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံသည် မြန်မာနိုင်ငံက လိုက်နာကျင့်သုံးလျက်ရှိသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့် လိုက်လျောညီထွေမှုရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါအစီအမံကို ကြိုဆိုထောက်ခံပြီး လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအရ ခြိမ်းခြောက်မှုများကို နိုင်ငံအများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းများသည် မြန်မာနိုင်ငံပြင်ပမှ ဝင်ရောက်လာခြင်းဖြစ်၍ နိုင်ငံပေါင်းစုံမှ ပူးပေါင်းတားဆီးကြရန်လိုအပ်မည်ဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ကြသည့် ပြည်တွင်း ပြည်ပမှ ဂိုဏ်းအဖွဲ့များနှင့် ပူးပေါင်းကျူးလွန်သူများကို ဖမ်းဆီးနိုင်မှသာ မူးယစ်ဆေးဝါးအန္တရာယ် အမြစ်ပြတ်သည်အထိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဉာဏ်ရည်တုနည်းပညာကဲ့သို့ ဘာသာစကားဆိုင်ရာ နည်းပညာအသစ်များကို အွန်လိုင်းလိမ်လည်ရာစင်တာများတွင် အသုံးချနေကြသည်။ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် မျှဝေဖလှယ်ကြရန်လိုအပ်ပေသည်။

လူကုန်ကူးသည့်လမ်းကြောင်းများ၊ ငွေကြေးလွှဲပြောင်းလက်ခံမှုများ သို့မဟုတ် ပြစ်မှုကျူးလွန်ပုံကျူးလွန်နည်းများ စသည့်အချက်အလက်များကို ဖလှယ်နိုင်ခြင်းအားဖြင့် လူတစ်ဦးချင်းစီအလိုက် ခေါင်းပုံဖြတ်ခံရမှုများကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုအညွှန်းကိန်းအစီရင်ခံစာ (၂၀၂၃)အရ မောင်းသူမဲ့ယာဉ် (ဒရုန်း)များကို အသုံးပြုလာကြသည်ဟု ဆိုထားသည်။ အကြမ်းဖက်သမားများ ဒရုန်းများအသုံးပြုလာမှုကို မြန်မာနိုင်ငံ၌ ကြုံတွေ့လာရပြီး အနာဂတ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုဖြစ်လာမည်။ အကြမ်းဖက်သမားများနှင့် ဒုစရိုက်ဂိုဏ်းများ၏ လက်အတွင်းသို့ ဒရုန်းအပါအဝင် စွမ်းအားမြင့်လက်နက်များ မရောက်ရှိစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ၊ ဒေသတွင်းဆိုင်ရာ၊ နှစ်နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဖော်ပြပါအခြေအနေများကို မြန်မာနိုင်ငံက နိုင်ငံများသို့ မျှဝေအသိပေးခဲ့ပြီး ယင်းတို့ကို လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှ ငြိမ်းချမ်းသာယာဝပြောမှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။

ညီလာခံသို့ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဗြိတိန်၊ ဆော်ဒီအာရေဗျ၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျီစတန်၊ တာဂျီကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အဇာဘိုင်ဂျန်၊ အာမေးနီးယား၊ တူကီယဲ၊ ဘီလာရုစ်၊ အီရန်၊ မွန်ဂိုလီးယား၊ တောင်ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ နီကာရာဂွါ၊ အာဂျင်တီးနား၊ ပနားမား၊ အီသီယိုးပီးယား၊ တောင်အာဖရိကနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးစင်တာ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

သို့ဖြစ်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးခြိမ်းခြောက်မှုများကို ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပူပေါင်းဆောင်ရွက်မှုညီလာခံမှတစ်ဆင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံများအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြင့် ငြိမ်းချမ်းသာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှင့် ရုရှားတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၅

၁၉၀၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA သည် အသင်းကြီး၏အဓိက လုပ်ငန်းစဉ်များဖြစ်သော အမျိုးဘာသာ သာသနာပညာလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် အသင်းဝင်အင်အားဆယ်သိန်းကျော်ရှိခဲ့ပြီဖြစ်သည်။

ယနေ့ မွန်းလွဲ ၂ နာရီတွင် YMBA အသင်းအစည်းအဝေးခန်းမ၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA ၏ ဗဟိုဥက္ကဋ္ဌ ဦးရဲထွန်း အပါအဝင် အမှုဆောင်အဖွဲ့ဝင်များနှင့် ရုရှားတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ရုရှား-မြန်မာသံရုံးမှ သံမှူး ဦးဆောင်သောအဖွဲ့ တွေ့ဆုံပြီး ပညာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး အပြန်အလှန် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။



ဦးသက်(ရွှေမိုးသောက်)YMBA

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဂိုဏ်းပေါင်းစုံဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးကွပ်ကဲမှုအောက်ရှိ ပူတာအိုခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် ဝန်ထမ်းများသည် ပူတာအိုမြို့နယ် ပါအင်ရပ်ကွက် ဂိုဏ်းပေါင်းစုံ ဘာသာရေးကျောင်းရှိ ဓမ္မဆရာ လေးပါးအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ယနေ့နံနက်ပိုင်းတွင် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနသည် ပူတာအိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သပိတ်ကျင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဖြိုးဝေ၏ကြီးကြပ်မှုဖြင့် ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစသိန်းဆွေတင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်နှင့် "မြို့မ" စခန်းမှူး ဒုတိယရဲမှူး ရန်နိုင်မင်း ဦးဆောင်၍ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများက စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် သပိတ်ကျင်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း/အပြင်တို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅-၉-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၉၉ | ၈၉၀,၅၀၀ |
| MTSH | ၃,၀၀၀ | ၃,၁၀၀ | ၂,၀၈၅ | ၆,၄၅၁,၀၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၄ | ၂၉,၆၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၃၃၈ | ၅၇၄,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၉ | ၂၁,၆၀၀ |
| EFR | ၂,၂၀၀ | ၂,၂၀၀ | ၂၆၃ | ၅၇၈,၅၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၈၈ | ၁,၄၁၁,၁၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၃,၄၁၇ | ၅,၈၁၄,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၈၆ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၈၉ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်–

(၁) ဦးဘရန်ရှောင် — အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
(၂) ဦးညွန့်အောင် — ဒုတိယဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar ArrThit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Bestune NAT အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Auto Top Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း၊ အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၈၇ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်နိုင်ဦး အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၈၈ /၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးထွန်းအုံ အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၉၀ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးခင်ဇော် အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၉၁ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

(၁) ဦးလွင်ဦး — နိုင်ငံခြားရေးဝန်ကြီးဌာန
(၂) ဦးမင်းမင်း — စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ပသို့ မွေးမြူရေးရေချိုပုစွန်များ တင်ပို့နိုင်ရေး တွေ့ဆုံဆွေးနွေး

**တွံတေး စက်တင်ဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်ပသို့ မွေးမြူရေး ရေချိုပုစွန်များတင်ပို့နိုင်ရေး ဒေသခံပုစွန်မွေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက တွံတေးခရိုင် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ငါးလုပ်ငန်း ဦးစီးဌာန ရုံးချုပ်(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမြဆင့်က တွံတေးမြို့နယ်အတွင်းရှိ ရေချိုပုစွန်မွေးမြူသော တောင်သူများအား မွေးမြူရေးကန်များ GACC သို့ တင်ပို့ရန်အတွက် မှတ်ပုံတင်ရန် လိုအပ်ချက်များ၊ မှတ်ပုံတင်ရန် အချက်အလက်များ တောင်းခံခြင်း၊ မှတ်ပုံတင်ရန် အတွက် လိုအပ်သည့်အချက်အလက်များ၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် မွေးမြူရေး ရေထွက်ကုန်များစာရင်း၊ မွေးမြူရေးထုတ်ကုန်များနှင့် စပ်လျဉ်း၍ GACC မှ တောင်းခံလာသည့် အချက်များ၊ မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ အစာထုတ်လုပ်သူ၊ သားဖောက်ရုံ၊ အစာဖြန့်ဝေသူ၊ သားဖောက်ရုံမှ မွေးကန်သို့ သယ်ယူသည့် လမ်းတစ်လျှောက် အထောက်အထား စာရွက်စာတမ်း၊ ဓာတုပစ္စည်းထောက်ပံ့သူများ၊ မွေးမြူရေးကန်များ GAqP စနစ်ဖြင့် မွေးမြူရေးများ အကြောင်း ဟောပြောဆွေးနွေးကာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်က ပြုပြင်ထုတ်လုပ်မှု၊ ပြည်ပ တင်ပို့သူများအကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ဖြည့်စွက်ဆွေးနွေးကာ တက်ရောက်လာသော မွေးမြူရေးတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ မွေးမြူရေး ရေချိုပုစွန်အသင်း ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းမြင့်က ပြည်ပသို့ မွေးမြူရေးပုစွန်တင်ပို့မှု၊ ပြည်တွင်း ရေချိုပုစွန်မွေးမြူနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

**တွံတေးသား**

**❖ ရှေ့ဖုံးမှ**

ဇူလိုင်လ စတုတ္ထပတ်မှစတင်ကာ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအုပ်စု ၂၀ ၌ မိုးစပါးစိုက်ဧက စုစုပေါင်း လေးသောင်းကျော်ခန့် ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းတို့အနက် ၁၈၄၆ ဧက ပျက်စီးခဲ့ရပြီး အဆိုပါပျက်စီးဧကများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် အမြန်ဆုံးပြန်လည် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၅**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ကုန်သေတ္တာ၊ အလုံပိတ်ယာဉ်များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့် (Logistics Surveillance System–E–Lock) စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ကိစ္စရပ်များ၊ သွင်းကုန်တန်ဖိုး စိစစ်ရေးအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အကောက်ခွန် ဦးစီးဌာနသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများကို အဓိကရှာဖွေပေးရသည့် ဌာနတစ်ခုဖြစ်ပြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းတွင်လည်း အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ စစ်ဆေးကြပ်မတ်ရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ကြရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာရန်လိုကြောင်း၊ ယခု E–Lock နှင့် National Single Window စနစ်တို့မှာ အရေးကြီးသည့်လုပ်ငန်းများ ဖြစ်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်း စစ်ဆေးသည့်အခါ ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့များနှင့် သေချာစစ်ဆေးရန်လိုအပ်ကြောင်း၊စတင်စစ်ဆေးသည့်နေရာနှင့် လမ်းခရီးအဆုံးတို့တွင် ကုန်ပစ္စည်း စစ်ဆေးခြင်းများ ဆောင်ရွက်နေခြင်းကို CCTV Camera များဖြင့် E–Lock Control Room မှ တိုက်ရိုက်ကြည့်ရှုနိုင်အောင် စီစဉ်ထားရန်လိုကြောင်း၊ National Single Window ကိုလည်း မဖြစ်မနေ အကောင်အထည်ဖော်ရန် လိုကြောင်း၊ တာဝန်ရှိသူများ အနေဖြင့် အောက်ခြေကို စနစ်တကျကြပ်မတ်ရန်လိုကြောင်း၊ ဝန်ထမ်းငယ်များ၏ အခက်အခဲများကို ဖြေရှင်းပေးရန် လိုကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ထမ်းဆောင်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာနရှိ E–Lock Control Room မှတစ်ဆင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲရှိ Monitoring Room မှတစ်ဆင့် MACCS စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား၍ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ အာမခံလုပ်ငန်းသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် အရေးကြီးသော နိုင်ငံတော်၏ဘဏ္ဍာငွေများ ရှာဖွေစုဆောင်းရန် အဓိကတာဝန်ရှိပါကြောင်း၊ သို့ဖြစ်ရာ မြန်မာ့အာမခံ လုပ်ငန်းအနေဖြင့် ပြည်သူများ အားထားရသည့် အာမခံ အကာအကွယ်များကို ပြည့်ပြည့်ဝဝပေးနိုင်အောင် အရာထမ်း/အမှုထမ်းအားလုံးက ယခုထက် ပိုမိုကြိုးစားပြီး ဝင်ငွေများကိုလည်း လျာထားချက်ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ လုပ်ငန်းတာဝန်များ ကြိုးပမ်းထမ်းဆောင်ကြရာတွင် အရာထမ်း/အမှုထမ်းများအနေဖြင့် သတ်မှတ်ထားသော ဌာနစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာစောင့်ထိန်းကြရန် လိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် အားကိုးရသော၊ စွမ်းရည်ပြည့်ဝသည့် တာဝန်ကျေပွန်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် အမြဲ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေအတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ မှန်ကန်ပြည့်စုံရေးစစ်ဆေးမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုထားပြီးဖြစ်သော နိုင်ငံရေးပါတီများအနက် ပြည်ထောင်စုနယ်မြေအတွင်း အခြေစိုက်သော နိုင်ငံရေးပါတီများ၊ ပါတီရုံးခွဲ ဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစိစစ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းက နိုင်ငံရေးပါတီများက တင်ပြသော ပါတီဝင်အင်အားစာရင်းများကို ကနဦးစစ်ဆေးချက်များအရ ဥပဒေနှင့်အညီ နေထိုင်သူစာရင်းတွင် မရှိသူများ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် တူနေသူများ၊ ဝန်ထမ်းများ၊ နေရပ်လိပ်စာ မပြည့်စုံသူများ အစရှိသည့် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် ပါတီဝင်များ ပါရှိနေကြောင်း တွေ့ရှိသဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၀ ပါ အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ပါတီဝင်အဖြစ် စည်းရုံးရမည်ဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေနှင့် ကော်မရှင်က ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို အလေးအနက်ထား လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထိုအစည်းအဝေးတွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေအတွင်း ပါတီဌာနချုပ်ဖွင့်လှစ်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသား နိုင်ငံရေးဒီမိုကရက်တစ်ပါတီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၄ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၀ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၀ ပါတီအနက် **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်း ဖြစ်သည်။ တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ၁၀ ပါတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အနက် ပါတီ ၇ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။ ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွေးလှိုင် ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၂၅ ဦးတို့က ကျောက်တံတားမြို့နယ် အမှတ်(၅)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၄ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကြေးမုံ

## မနက်ဖြန်နံနက်အထိခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၅

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)(၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ NCA နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီတွင် ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NCA (၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ပတ်သက်၍ မူဝါဒဆိုင်ရာများနှင့် အခမ်းအနားကို လက်တွေ့ကျကျ အဓိပ္ပာယ်ရှိရှိ အလေးအနက်ထား စီစဉ်ကျင်းပသွားမည့် ကိစ္စများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်ပြီး NCA နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အခမ်းအနားကျင်းပမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းက အခမ်းအနား တက်ရောက်သူများ ဖိတ်ကြားရေး၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က အခမ်းအနား ကျင်းပရာတွင် အစီအစဉ်တကျ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက မိမိတို့ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အဓိပ္ပာယ်ရှိရှိ အနှစ်သာရပြည့်ဝစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တရုတ်-မြန်မာ Twin City Media Forum ကျင်းပရေး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား တရုတ်နိုင်ငံ ယူနန်ပြည်နယ် နိုင်ငံတကာပြန်ကြားရေးစင်တာမှ အမှုဆောင်အယ်ဒီတာချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၅

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ တောင်အာရှနှင့် အရှေ့တောင်အာရှ (နိုင်ငံတကာဒေသတွင်း)ပြန်ကြားရေးစင်တာမှအမှုဆောင်အယ်ဒီတာချုပ် မစ္စတာကျန့်ရှော့ကူနှင့် အဖွဲ့အား လက်ခံတွေ့ဆုံပြီး ၂၀၂၃ ခုနှစ် တရုတ်-မြန်မာ Twin City Media Forum ကျင်းပရေး ဆွေးနွေးသည်။

## တည်ဆောက်နိုင်ခဲ့

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုအား မြှင့်တင် ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအထိ ပိုမိုတိုးတက်ခိုင်မြဲအောင် တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ၂၀၂၃ ခုနှစ် တရုတ်-မြန်မာ Twin City Media Forum ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်မှုသည် အထူးသင့်လျော်ကောင်းမွန်မှု ဖြစ်ပါကြောင်း၊ ယခင်လက ယူနန်ပြည်နယ်သို့ ရောက်ရှိခဲ့စဉ် ဧည့်ဝတ်ကျေပွန်မှုအတွက်လည်း အမှတ်တရရှိပြီး ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခုလ(၂၂/၂၃) ရက်များက ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့ သွားရာက်ခဲ့စဉ် တရုတ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး H.E. Mr. SUN YELI နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ မီဒီယာကဏ္ဍ တိုးမြှင့်ဆောင်ရွက်မှုဖြင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း၊ တရုတ်-မြန်မာ Twin City Media Forum ကို မန္တလေးမြို့၌ ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် ခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ရန်နှင့် တရုတ်နိုင်ငံမှ အင်အား ၃၀ ခန့်နှင့် မြန်မာဘက်မှ အင်အား ၇၀ ခန့် ပေါင်းအင်အား ၁၀၀ ခန့် ဖိတ်ကြား၍ စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး ဖိုရမ်ပြီးပါက တရုတ်ဧည့်သည်များ နေပြည်တော်သို့ လာရောက်လေ့လာလည်ပတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက် စေလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ တောင်အာရှနှင့် အရှေ့တောင်အာရှ(နိုင်ငံတကာဒေသတွင်း) ပြန်ကြားရေးစင်တာမှ အမှုဆောင်အယ်ဒီတာချုပ် မစ္စတာကျန့်ရှော့ကူနှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ၂၀၂၃ ခုနှစ် တရုတ်-မြန်မာ Twin City Media Forum ကျင်းပရေးဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း News Studio ရှိ "သတင်းထဲကသတင်း" အစီအစဉ် ရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုအားပေးစဉ်။

## ဆွေးနွေး

ယင်းနောက် ယူနန်ကိုယ်စားလှယ်က မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် ဆွေမျိုးပေါက်ဖော် နှစ်နိုင်ငံအတွက် အကျိုးရှိပါကြောင်း၊ ယဉ်ကျေးမှုကြွယ်ဝသည့် မန္တလေးမြို့တွင် ဖိုရမ်ကျင်းပရန် ရွေးချယ်နိုင်ခြင်းအပေါ် နှစ်ခြိုက်သဘောတူပါကြောင်း၊ ဖိုရမ်တွင် နှစ်နိုင်ငံ ယဉ်ကျေးမှုဖျော်ဖြေရေးအစီအစဉ်ကိုလည်း ထည့်သွင်းဆောင်ရွက်လိုပါကြောင်းနှင့် ဖိုရမ်ကျင်းပရေး အစီအစဉ်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်ဖက် တက်ရောက်လာသူများက ဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေး အပြန်အလှန် ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ယူနန်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Myanmar International (MI)Channel မှ အပတ်စဉ် ရိုက်ကူး ထုတ်လွှင့်နေသည့် ကျောင်းသူနှစ်ဦးအား အင်္ဂလိပ်ဘာသာဖြင့် ဗဟုသုတ မေးမြန်းဖြေဆိုမှု စွမ်းရည်ပြိုင်ပွဲ (Quiz Time Program )ရိုက်ကူးမှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် MRTV-HD Channel မှ နေ့စဉ် နံနက် ၁၀ နာရီတွင် တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်နေသည့် "သတင်းထဲကသတင်း" အစီအစဉ်ကို ကြည့်ရှုအားပေးပြီး တင်ဆက်မည့် သတင်းများ ရွေးချယ်မှု၊ တင်ဆက်မှုပုံစံ၊ ဝတ်ဆင်မှု၊ လေ့လာဆန်းသစ်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ တာဝန်ကျဝန်ထမ်းများအား ချီးမြှင့်ငွေ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီရုံးသို့ သွားရောက်ပြီး ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အဖွဲ့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြည်ပနိုင်ငံများနှင့် မီဒီယာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# တစ်ဦးကျန်းမာ အားလုံးတွက်တာ၊ အားလုံးအတွက် ပန်းတိုင်တစ်ချက်

ဒေါက်တာခင်စန်းမော်

**တိရစ္ဆာန်ဆေးကုဆရာဝန်လည်းဖြစ်၊ ပညာရပ်ဆိုင်ရာစာပေများကို ရေးသားသော စာရေးဆရာလည်းဖြစ်သောကြောင့် တိရစ္ဆာန်အကိုက်ခံရ၍ မေးမြန်းကြသော မေးခွန်းများကို အင်တာနက်မှဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဖြေကြားရသောအခါ အလျင်ဆုံးပြန်လည်မေးမိသည့် မေးခွန်းများသည် "ဘ"နှင့်စသော မေးခွန်းများဖြစ်ကြပါသည်။**

ထိုမေးခွန်းများမှာ...

(၁) ဘယ်နေ့က ကိုက်မိတာလဲ။

(၂) ဘယ်နေရာကို ကိုက်မိတာလဲ။

(၃) ဘယ်သူ့ကို ကိုက်မိတာလဲ။

(၄) ဘယ်တိရစ္ဆာန်က ကိုက်တာလဲတို့ ဖြစ်ကြသည်။

နောက်ဆက်တွဲ လိုက်လာသည့် မေးခွန်းများကတော့...

(၅) အကိုက်ခံရသည့်အနာ နက်သလား။

(၆) တိရစ္ဆာန်က အိမ်မွေးတိရစ္ဆာန်လား။

(၇) ပိုင်ရှင်ရှိသလား။

(၈) ကာကွယ်ဆေး မှန်မှန်ထိုးထားသလား စသည်တို့ ဖြစ်ပါသည်။

**(၁) ဘယ်နေ့က ကိုက်မိတာလဲ**

တိရစ္ဆာန်အကိုက်ခံရသည့်ကိစ္စများတွင် ဤမေးခွန်းသည် အရေးကြီးဆုံးမေးခွန်းဖြစ်သည်။ ရှေးယခင်က ခွေးကိုက်ခံရလျှင် ခွေးကို ဆယ်ရက်ခန့်စောင့်ကြည့်ပြီးမှ ခွေးရူးကာကွယ်ဆေးထိုးပေးလေ့ရှိခဲ့ကြသည်။ ကိုက်သောခွေးသည် လမ်းဘေးလေလွင့်ခွေးဖြစ်နေပါက သွားချင်ရာသွားတတ်သောကြောင့် စောင့်ကြည့်ရန် အဆင်မပြေနိုင်ပါ။

ခွေးကိုက်ခံရသောအခါ လူအများစုက မေးခိုင်ကာကွယ်ဆေးကို မဖြစ်မနေထိုးကြပါ၏။ ခွေးရူးကာကွယ်ဆေးထိုးရန် လို၊ မလိုကို မေးမြန်းပြီးမှ ထိုးတတ်ကြသည်။ အမှန်မှာ ခွေးရူးရောဂါကာကွယ်ဆေးထိုးရန်ကိစ္စက ပထမဦးစားပေးဖြစ်ရပါမည်။ အောက်ပါမေးခွန်းများကို ကြည့်ပါ။

"သမီးကို ခွေးကိုက်ခံရလို့ပါ။ မေးခိုင်ကာကွယ်ဆေးတော့ ထိုးပြီးပါပြီ။ ခွေးရူးကာကွယ်ဆေး ဘယ်တော့ထိုးရပါမလဲ"

"သမီးကို ဒီနေ့ခွေးကိုက်သွားလို့ပါ။ ခွေးက အိမ်မွေးခွေးပါပဲ။ သမီး ကာကွယ်ဆေးထိုးရမှာလား သိချင်လို့ပါ"

"သမီးကို အိမ်မှာမွေးထားတဲ့ မျောက်က ကိုက်လိုက်လို့ပါ။ သူ့ကို ဘာကာကွယ်ဆေးမှ မထိုးထားပါဘူး။ အဲဒါ သမီး ခွေးရူးကာကွယ်ဆေး ထိုးရမလားဟင်"

ထိုမေးခွန်းများအတွက် အဖြေမှာ တိရစ္ဆာန်အကိုက်ခံရပြီး ၂၄ နာရီအတွင်း ခွေးရူးကာကွယ်ဆေးထိုးရန် လိုအပ်သဖြင့် ဆရာဝန်ထံပြသပြီး ချက်ချင်းထိုးပါဟူ၍ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးရမည်ဆိုသောအသိ ရှိနေသောကြောင့် ထိုအသိပညာဗဟုသုတအတွက်တော့ ကျေနပ်ရပါသည်။

နောက်ထပ်မေးခွန်းတစ်ခုမှာ...

"သမီးက တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်ပါ။ ခွေးရူးကာကွယ်ဆေးထိုးထားတာ




တစ်လလောက်ပဲရှိသေးတဲ့ခွေးလေးကို ဆေးတိုက်လိုက်တာ လက်ကို သွားနဲ့ နည်းနည်းလေးခြစ်မိသွားပါတယ်။ သမီးက အသက်ရှစ်လအရွယ်ကလေးကို နို့တိုက်နေတဲ့ ကလေးအမေပါရှင်။ လက်ကိုတော့ အထပ်ထပ်ဆေးပြီး အရက်ပြန်သုတ်ထားပါတယ်။ ညစ်တော့ သွေးထွက်ပါတယ် ဆရာမ။ သမီး ကာကွယ်ဆေးထိုးဖို့လိုလားဟင်"

ထိုသို့သော မေးခွန်းမျိုးအတွက် လိုအပ်သော အချက်အလက်များ စစ်ဆေးရန် အောက်ပါတို့ကို မေးမြန်းကြည့်ရပါသည်။

**(၂) ဘယ်နေရာကို ကိုက်မိတာလဲ**

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့ကို အဓိကတိုက်ခိုက်သည်။ အကိုက်ခံရသောနေရာသည် ဦးနှောက်အာရုံကြောအဖွဲ့နှင့် နီးကပ်သော ဦးခေါင်း၊ မျက်နှာ၊ လည်ပင်း၊ ရင်ဘတ်၊ ကျော စသည့်နေရာများကို ကိုက်မိပါက အထူးအရေးကြီးပါသည်။ မေးခွန်းတချို့ကိုကြည့်ပါ။

"သမီးရဲ့မျက်နှာကို သမီးရဲ့ခွေးလေးက ကိုက်လိုက်လို့၊ အဲဒါ RIP ဆိုတဲ့ ဆေးထိုးရမှာလားဟင်" (HRIG ကို RIP ဟု နားစွန်နားဖျားအကြားနှင့် မေးရှာသောသူ့ကို မရယ်ရက်ခဲ့ပါ။)

"သမီးကို ခွေးကိုက်သွားလို့ပါ။ ညာဘက်ပေါင်ကို ကိုက်လိုက်တာပါ။ ဂျင်းဝတ်ထားလို့ အသားတော့ မပေါက်သွားပါဘူး။ အညိုအမည်းစွဲပြီး ကျန်ခဲ့ပါတယ်။ ဆေးထိုးဖို့လိုပါသလား"

"အိမ်မွေးခွေးကိုက်မိတာပါ။ သမီးရဲ့ ခွေးလေးပါ။ ကာကွယ်ဆေး မှန်မှန်ထိုးထားပါတယ်။ ချီထားရင်း သူ့ကိုစလိုက်တာ သူကပြန်ကိုက်တော့ နဖူးနဲ့ မျက်ခုံးကို ထိသွားပါတယ်။ အနာက နည်းနည်းနက်ပါတယ်ရှင့်။ သွေးလည်း များများထွက်ပါတယ်။ ဆေးရုံတစ်ခုမှာ ခွေးရူးပြန်ကာကွယ်ဆေးသွားထိုးတာ အကိုက်ခံရတာက မျက်နှာမှာဆိုတော့ အနာပတ်လည်ကို Immunoglobulin (HRIG) ဆေးထိုးရမယ်ပြောလို့ ဆရာမကြီးကို မေးကြည့်တာပါ။ အဲဒီဆေးထိုးဖို့ လို၊ မလို ဖြေကြားပေးပါရှင်"

ထိုမေးခွန်းနှစ်ခုကို ယှဉ်ကြည့်လိုက်လျှင် အကိုက်ခံရသောနေရာ၏ အရေးကြီးပုံကို သိမြင်နိုင်မည်ဖြစ်သည်။ ဦးနှောက်အာရုံကြောအဖွဲ့နှင့် နီးကပ်သောနေရာမှာ အကိုက်ခံရခြင်းက ပိုမို၍ အန္တရာယ်များပါသည်။ ထို့ကြောင့်ပင် အနာပတ်လည်ကို ထိုးရသော ခွေးရူးရောဂါကာကွယ်ဆေး အသင့်ကိုယ်ခံအား(Human Rabies Immunoglobulin – HRIG)ကိုပါ တွဲ၍ထိုးပေးခြင်းဖြစ်ပါသည်။

**(၃) ဘယ်သူ့ကို ကိုက်မိတာလဲ**

ကိုယ်ခံအားနည်းသည့်အုပ်စုထဲတွင် ပါဝင်သော ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ခုခံအားနည်းဝေဒနာရှင်များ၊ ကိုယ်အင်္ဂါအစားထိုး လဲလှယ်ထားသူများကို တိရစ္ဆာန်တစ်ကောင်က ကိုက်လိုက်ပါက သာမန်လူများထက် အထူးဂရုပြုရမည့်ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ဤမေးခွန်းကို မေးရခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် နှစ်စဉ်နှစ်တိုင်း ခွေးရူးပြန်ရောဂါကြောင့် သေဆုံးရသူ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းမှာ ကလေးသူငယ်များဖြစ်နေကြသဖြင့် ကလေးငယ်များ ခွေးကိုက်ခံရလျှင် မပေါ့ဆသင့်ပါ။

"သမီးရဲ့သားလေး အသက် ခုနစ်နှစ်အရွယ်ကို အိမ်မှာမွေးထားတဲ့ခွေးက လက်မောင်းကို ဟပ်လိုက်တာ သွေးစို့သွားလို့ ကာကွယ်ဆေးထိုးဖို့လိုပါသလား"

"ကျွန်မတူလေး သူ့ဘာသာ ဆော့နေတာကို ဘေးအိမ်ကခွေးဝင်ကိုက်လို့ ခြေဖနောင့်မှာသွေးထွက်သွားပါတယ်။ ကာကွယ်ဆေးထိုးရမလားရှင်"

ကလေးများကို အကိုက်ခံရသောကြောင့် မေးမြန်းမှုများသည် အများဆုံးမေးလေ့ရှိကြသော မေးခွန်းများဖြစ်ပါသည်။

**(၄) ဘယ်တိရစ္ဆာန်က ကိုက်တာလဲ**

Rabies ဟုခေါ်သော ခွေးရူးရောဂါသည် ခွေး၊ ကြောင်၊ လင်းနို့နှင့် အသားစားသတ္တဝါတို့၌ အဓိကကျရောက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး လူ၊ နွား၊ မြင်း၊ ဆိတ်၊ ဝက် စသော သွေးနွေးသတ္တဝါအားလုံးကို ရောဂါကျရောက်စေနိုင်သည်။ ခွေးရူးရောဂါဖြစ်ပွားလျှင် ကုရာနတ္ထိ ဆေးမရှိဘဲ အသက်ဆုံးရှုံးမှုဖြင့်သာ အဆုံးသတ်သောကြောင့် ကိုက်လိုက်သောတိရစ္ဆာန်အမျိုးအစားကိုမေးမြန်းရခြင်းဖြစ်သည်။

အကိုက်ခံရသည့်အနာ နက်သလား၊ တိရစ္ဆာန်က အိမ်မွေးတိရစ္ဆာန်လား၊ ပိုင်ရှင်ရှိသလား၊ ကာကွယ်ဆေး မှန်မှန်ထိုးထားသလား စသော မေးခွန်းတို့မှာ အကိုက်ခံရပြီးနောက် ထိုးရသည့် ခွေးရူးကာကွယ်ဆေး (Post Exposure Program–PEP)ထိုးဖို့ အုပ်စုခွဲရန်လိုအပ်သော မေးခွန်းများ ဖြစ်ကြပါ၏။

ကိုဗစ်-၁၉ ကပ်ရောဂါကာလကြီးအတွင်း ကိုဗစ်ရောဂါကာကွယ်ဆေးကို ဦးစားပေးပြီး ထိုးရမလား၊ ခွေးရူးရောဂါ ကာကွယ်ဆေးကို အရင်ထိုးရမလားဆိုသော ဒွိဟဖြစ်မှုများအား ဖြေရှင်းပေးခဲ့ရပါသေးသည်။ ခွေးရူးရောဂါကာကွယ်ဆေးကို ဦးစားပေးပြီးထိုးပါဟု အကြံပြုခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျှင် ပြန်လည်နာလန်ထ၍ ကျန်းမာနိုင်သေးသည်။ ခွေးရူးပြန်ရောဂါဖြစ်ပွားလျှင် ၁၀၀ ရာခိုင်နှုန်း အသက်ဆုံးရှုံးကြရမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ အကိုက်ခံရသူများထဲတွင် ထပ်တလဲလဲ အကိုက်ခံရသူများ၊ ပထမအကြိမ် အကိုက်ခံရသောကြောင့် ခွေးရူးရောဂါကာကွယ်ဆေးထိုးနေစဉ် ကာကွယ်ဆေးအစီအစဉ် မပြည့်သေးခင် ထပ်မံအကိုက်ခံရ၍ မေးမြန်းသူများ၊ ခွေးရူးရောဂါကာကွယ်ဆေးအစီအစဉ် ပြည့်စုံစွာမထိုးဖြစ်ဘဲ ရက်ကျော်သွားသူများ၊ မေ့လျော့သွားသူများလည်း ပါဝင်ကြသည်။

ခွေးရူးရောဂါသည် တိရစ္ဆာန်မှ လူကို ကူးစက်တတ်သော ရောဂါဆိုးကြီးတစ်ခုဖြစ်ပြီး ခွေးရူးပြန်ရောဂါဖြစ်ပွားလျှင် ၁၀၀ ရာခိုင်နှုန်း သေဆုံးသည့် ကြောက်မက်ဖွယ်ရောဂါဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကျွန်းနိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံအချို့တို့တွင် ခွေးရူးရောဂါကို အမြစ်ပြတ်သုတ်သင်ဖယ်ရှားပြီးဖြစ်သော်လည်း အာရှနှင့် အာဖရိကတိုက်ကြီးများတွင် နိုင်ငံအလိုက်၊ ဒေသအလိုက် ရောဂါဖြစ်ပွားမှုများ ရှိနေသေးသောကြောင့် နှစ်စဉ်နှစ်တိုင်း လူ ၆၀၀၀၀ ခန့် ခွေးရူးရောဂါ **စာမျက်နှာ ၇ သို့** ☆

**"ထိုကာကွယ်ဆေးပေါ်ထွန်းလာခြင်းကြောင့် မရေမတွက်နိုင်သော လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။ ခွေးရူးရောဂါကာကွယ်ဆေးကို တီထွင်ခဲ့သော ပြင်သစ်သိပ္ပံပညာရှင်ကြီး လူဝီပါစတာသည် ၁၈၉၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ခွေးရူးရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါဆိုးကြီးတစ်ခုဖြစ်သည်။ သို့သော် အကိုက်ခံရပြီးနောက် ခွေးရူးရောဂါကာကွယ်ဆေး အစီအစဉ်ပြည့်စုံအောင်ထိုးထားလျှင် ကာကွယ်နိုင်သောရောဂါဖြစ်ကြောင်း သိရှိစေလို"**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကိုယ်စားလှယ်အဖွဲ့ (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပခဲ့သည့် (16th Conference of ASEAN Ministers Responsible for Information – AMRI )နှင့် (20th ASEAN Senior Officials Meeting Responsible for Information– SOMRI) နှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့်(AMRI+3) အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပြီး စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။




**အတည်ပြုထုတ်ပြန်နိုင်ခဲ့**

(၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (16th AMRI )တွင် AMRI ၏ ASEAN 2030 မှ Vision Statement၊ Da Nang Declaration (ဒါနန်းကြေညာချက်)၊ သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေးဆိုင်ရာလမ်းညွှန်ချက်(TBC)၊ သတင်းတုများဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့(TFFN)၏ လုပ်ငန်းအစီအစဉ်များ၊ အာဆီယံ – တရုတ် သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးလုပ်ငန်းစီမံချက် ၂၀၁၈–၂၀၂၄ သက်တမ်းတိုးခြင်း၊ အာဆီယံ + ၃ သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးလုပ်ငန်းစီမံချက် ၂၀၁၈–၂၀၂၃ သက်တမ်းတိုးခြင်း အပါအဝင် ပူးတွဲထုတ်ပြန်ချက်များနှင့် သဘောထားများကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အာဆီယံ–တရုတ် သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုယ်စား ညှိနှိုင်းရေးမှူးတာဝန်(Country Coordinator)ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**သီးခြားစီတွေ့ဆုံ**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဝန်ကြီး Deputy Head of the Publicity Department of the CPC Central Committee ဖြစ်သူ H.E. Mr. SUN YELI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Nguyen Manh Hung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပြီး မီဒီယာနှင့် ပြန်ကြားရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သည့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့်အဖွဲ့သည် (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး မတိုင်မီ စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (20th SOMRI)၊ (၇)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေး (7th SOMRI+3)၊ (၄)ကြိမ်မြောက် အာဆီယံ+ဂျပန် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(4th SOMRI+J)များသို့ တက်ရောက်ခဲ့ပြီး အမြဲတမ်းအတွင်းဝန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ ဖိလစ်ပိုင် ပြန်ကြားရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr. Jose A. Torres, Jr. နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ သတင်းမီဒီယာနှင့် ပြန်ကြားရေးဆိုင်ရာကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၊ အကြိမ်(၂၀)မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး နှစ်နိုင်ငံ သီးခြားတွေ့ဆုံမှုများအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် မီဒီယာဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမြင်ချင်း ဖလှယ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

☆ **စာမျက်နှာ ၆ မှ**

ဖြစ်ပွားပြီး အသက်ဆုံးရှုံးနေကြရာ ထိုလူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် အသက် (၁၅) နှစ်အောက် ငယ်ရွယ်နုနယ်သောကလေးများ ဖြစ်နေကြပါသည်။

**ခွေးရူးရောဂါကာကွယ်ဆေး**

ခွေးရူးရောဂါကို ဘီစီ ၂၀၀၀ ဝန်းကျင်ကတည်းက သိရှိခဲ့ကြသည်။ ခွေးရူးရောဂါအကြောင်း ရေးသားခဲ့သည့် ပထမဆုံးမှတ်တမ်းမှာ ဘီစီ ၁၉၃၀ က မီဆိုပိုတေးမီးယား Codex of Eshnunna အညွှန်းစာအုပ်ထဲတွင် အကယ်၍ မိမိမွေးမြူထားသောခွေးက ခွေးရူးရောဂါဖြစ်ပွားပြီး အခြားလူတစ်ဦးတစ်ယောက်ကို ကိုက်မိသောကြောင့် ထိုလူသေဆုံးလျှင် ခွေးပိုင်ရှင်အား ကြီးလေးသောဒဏ်ငွေ ပေးဆောင်စေသည်ဟု မှတ်တမ်းတင်ခဲ့သည်။

၁၇၆၈ ခုနှစ်တွင် ဘော့စတွန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ခွေးရူးရောဂါသည် နှစ်အနည်းငယ်အတွင်း အခြားပြည်နယ်များသို့ ပျံ့နှံ့သွားပြီးနောက် ပြင်သစ်ပြည်နှင့် မြောက်အမေရိကတိုက်အထိ ရောက်ရှိသွားခဲ့သည်။ ၁၉ ရာစုအတွင်းက ခွေးရူးဟုသံသယဖြစ်သော ခွေးက ကိုက်လိုက်လျှင် ထိုလူသည် သူ့ကိုယ်သူသတ်၍သေခြင်း သို့မဟုတ် အခြားလူများက ဝိုင်း၍သတ်ဖြတ်ခြင်းဖြင့် ကိစ္စတုံးအောင် စီရင်ခဲ့ကြသည်။

ဤသို့ပြုလုပ်ခြင်းသည် လူဝီပါစတာ(Louis Pasteur)ခေါ် ပြင်သစ်သိပ္ပံပညာရှင်ကြီးအဖို့ စမ်းသပ်မှုများပြုလုပ်ရန် အခွင့်အရေးများရရှိခဲ့သောကြောင့် ၁၈၈၅ ခုနှစ်တွင် "အကိုက်ခံရပြီးနောက် ထိုးရသော ကာကွယ်ဆေး– PEP" ကုထုံးကို တီထွင်နိုင်ခဲ့ပါသည်။

ထိုကာကွယ်ဆေး ပေါ်ထွန်းလာခြင်းကြောင့် မရေမတွက်နိုင်သော လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။ ခွေးရူးရောဂါကာကွယ်ဆေးကို တီထွင်ခဲ့သော ပြင်သစ်သိပ္ပံပညာရှင်ကြီး လူဝီပါစတာသည် ၁၈၉၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ခွေးရူးရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါဆိုးကြီးတစ်ခုဖြစ်သည်။ သို့သော် အကိုက်ခံရပြီးနောက် ခွေးရူးရောဂါကာကွယ်ဆေး အစီအစဉ်ပြည့်စုံအောင် ထိုးထားလျှင် ကာကွယ်နိုင်သော ရောဂါဖြစ်ကြောင်း သိရှိစေလိုပါသည်။

**ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့**

ပြင်သစ်သိပ္ပံပညာရှင်ကြီး လူဝီပါစတာသည် ခွေးရူးရောဂါကာကွယ်ဆေးကို တီထွင်ပေးခဲ့သည်။ သဘာဝသိပ္ပံပညာရပ်များ၏ ကွဲပြားခြားနားသော နယ်ပယ်အမျိုးမျိုးထဲမှ သူ၏ရှာဖွေတွေ့ရှိခဲ့မှုများသည် ပြည်သူ့ကျန်းမာရေးအတွက် ထောက်ပံ့ကူညီနိုင်သည့်အပြင် ယခုအချိန်အထိတိုင်အောင် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ဆဲဖြစ်ပါသည်။

ထို့ကြောင့် တစ်ကမ္ဘာလုံး ပူးပေါင်းပါဝင်သည့် ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ရေးအဖွဲ့အစည်းကြီး (Global Alliance for Rabies Control–GARC) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO)တို့က ၎င်းကွယ်လွန်ခဲ့သော စက်တင်ဘာလ ၂၈ ရက်နေ့တွင် ခွေးရူးရောဂါတိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေး၏ အရေးပါပုံကို လူတိုင်းသတိပြုမိကြစေရန် ၎င်းအား အောက်မေ့သတိရဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ (World Rabies Day)အဖြစ် သတ်မှတ်ပြီး ၂၀၀၇ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ၁၇ နှစ် ပြည့်မြောက်မည်ဖြစ်သည်။

ယခုနှစ်တွင်ကျရောက်သော ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်မှာ "တစ်ဦးကျန်းမာအားလုံးအတွက်တာ၊ အားလုံးအတွက် ပန်းတိုင်တစ်ချက်" ဖြစ်ပါသည်။ တစ်ဦးကျန်းမာရေးဆိုသည်မှာ ရွေးချယ်ထားသည့် လူနည်းစုတစ်ခုအတွက် မဟုတ်ဘဲ အားလုံးအတွက်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေး အစီအစဉ်သည် တစ်ဦးချင်းကျန်းမာရေးကို တည်ဆောက်သည့် ဖွဲ့စည်းပုံအတွက် ကြီးမားသော စံနမူနာတစ်ခုဖြစ်သည်။ ကပ်ရောဂါများအပါအဝင် အခြားသောတိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်တတ်သောရောဂါများအတွက် အရေးပါသောစနစ်ကောင်းများ ဖန်တီးရာတွင် ယုံကြည်မှုလည်းရစေပါသည်။

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အကိုက်ခံရပြီးနောက် ခွေးရူးကာကွယ်ဆေးထိုးရန် မပြည့်စုံမလုံလောက်သေးသည့် လူ့အဖွဲ့အစည်းများ၌ လိုအပ်သော ကိရိယာတန်ဆာပလာနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းသည် လူ့အသက်များစွာကို ကယ်တင်နိုင်သည့်အပြင် အမျိုးသားကျန်းမာရေးစနစ်ကို ကြံ့ခိုင်ကောင်းမွန်အောင် လုပ်ဆောင်ပေးခြင်းမည်ပါ၏။

"၂၀၃၀ ပြည့်နှစ်တွင် ခွေးကိုက်ခံရ၍ဖြစ်သော ခွေးရူးရောဂါဘေးအန္တရာယ်ကြီး လူသားတို့မှ ကင်းစင်ပပျောက်ရေး" ဟူသော မဟာဗျူဟာကို တစ်ကမ္ဘာလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်အောင် မျှဝေပေးရပါမည်။

ရှေးအကျဆုံးသော ရောဂါဆိုးကြီးတစ်ခုဖြစ်သည့် ခွေးရူးရောဂါကို ဖြတ်တောက်ဖယ်ရှားနိုင်ရန် ကာကွယ်ဆေးများ၊ ထိရောက်သောနည်းလမ်းများ၊ နည်းပညာသစ်များ ပေါ်ထွန်းနေပြီဖြစ်သောကြောင့် နောက်မှာကျန်နေခဲ့ခြင်းမျိုးမရှိစေဘဲ အတူတကွ စုစည်းညီညွတ်စွာ ဆောင်ရွက်ကြရပါမည်။

ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင်

- ခွေး၊ ကြောင် စသော တိရစ္ဆာန်များကို ခွေးရူးကာကွယ်ဆေးထိုးခြင်း၊
- တိရစ္ဆာန်ကောင်ရေ ထိန်းချုပ်ခြင်း၊
- တိရစ္ဆာန်ဂေဟာများ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်း၊
- အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များအား ပညာပေးစည်းရုံးခြင်း၊
- လေလွင့်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်သောဂေဟာများ တိုးပွားလာအောင် ဆောင်ရွက်ခြင်း၊
- လူကိုအကိုက်ခံရသောအခါ အုပ်စုခွဲပြီး လိုအပ်သောကာကွယ်ဆေးများ ပြည့်စုံစွာထိုးခြင်း၊
- ခွေးရူးဟု သံသယဖြစ်ဖွယ် တိရစ္ဆာန်ကို တွေ့လျှင် ချက်ချင်းသတင်းပေးခြင်း၊
- ခွေးရူးရောဂါအကြောင်း အသိပညာပေးခြင်း စသည်ဖြင့် ပါဝင်ပါသည်။



ခွေးရူးရောဂါကာကွယ်ဆေးကို တီထွင်နိုင်ခဲ့သော ပြင်သစ်သိပ္ပံပညာရှင် လူဝီပါစတာ။

လူ့ကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေး ကဏ္ဍများအားလုံး စုပေါင်းလုပ်ဆောင်ပြီး ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် မီးမောင်းထိုးပြသော "တစ်ဦးကျန်းမာ အားလုံးအတွက်တာ၊ အားလုံးအတွက် ပန်းတိုင်တစ်ချက် (All for one, one health for All)" ဆောင်ပုဒ်ဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျရောက်မည့် (၁၇) နှစ်မြောက် "ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့"ကို ကြိုဆိုလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် (၂၆)ကြိမ်မြောက် ပန်းချီ ပန်းပု ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစင်တင် တင်ဆက်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဖုံနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားပြတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားပြတိုက် (ရန်ကုန်)သို့ လေ့လာကြည့်ရှုသူများ ယခုထက် ပိုမိုတိုးတက်များပြားလာစေရေး နည်းလမ်းများရှာဖွေ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားပြီး မြေညီထပ်ရှိ မြန်မာအက္ခရာနှင့် လက်ရေးမှုပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ အာဆီယံပြခန်း၊ ဗုဒ္ဓအနုပညာပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



### တက်ရောက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်(၂၆)ကြိမ်မြောက် ပန်းချီ၊ ပန်းပု၊ ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစင်တင် တင်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းကို မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ဧည့်သည်တော်များက ပန်းချီ၊ ပန်းပု ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်များကို လှည့်လည်ကြည့်ရှုကြပြီး ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ ရိုက်ကူးတင်ဆက်သည့် “သံစဉ်များနှင့်အချစ်”၊ “တုန္နိုင်းမဲ့မေတ္တာ”နှင့် “အနုပညာပန်းများ ပွင့်လန်းရာ” ဇာတ်ကားများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ အနုပညာယဉ်ကျေးမှု ဘက်စုံတတ်မြောက်သည့် ကျောင်းသား ကျောင်းသူများစွာကို နှစ် ၃၀ ကာလအတွင်း မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တက္ကသိုလ်ကြီးတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ဘွဲ့နှင်းသဘင် ၂၃ ကြိမ်ကျင်းပနိုင်ခဲ့ပြီး ဝိဇ္ဇာဘွဲ့ ၂၅၂၁ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၃၈၄ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၅၂ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၃၂၇ ဦး၊ အနုပညာကွန်ပျူတာဒီပလိုမာဘွဲ့ ၂၇၁၄ ဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ၅၉ ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ ၁၅ ဦး၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၁၁ ဦး စုစုပေါင်း ၆၀၈၃ ဦးကို ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့ကြောင်း၊ ကျောင်းဆင်းကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပြီးဘွဲ့ရသည့်အခါ မိမိတို့တတ်ကျွမ်းသည့်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရမည် ဖြစ်ကြောင်း၊ နှစ် ၃၀ ခရီးကို ခြုံငုံကြည့်လျှင် တက္ကသိုလ်၏ ရည်မှန်းချက်များ အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်၍ တိုင်းကျိုးပြည်ဆောင် နိုင်ငံထူထောင်ရေးနှင့် အေးချမ်းသာယာ ပြည်မြန်မာဟု ကမ္ဘာ့အလယ်၌ ထည်ဝါစေရေးအတွက် တက္ကသိုလ်၏ ရတုအဆက်ဆက်တိုင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်မြှင့်တင်နိုင်ကြပါစေဟု ဆန္ဒပြုကြောင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများက စွမ်းရည်ပြ ဖျော်ဖြေတင်ဆက်ကြရာ ဂီတပညာဌာနမှ ကျောင်းသားကျောင်းသူများက မောင်မယ်စုံစွာ ဆိုင်းမဟာ၊ ဆင့်ကမ်းမျှဝေမဟာဂီတအမွေ၊ မြူးကြွသာယာ တေးသံသာ၊ ပုလဲရတုမှသည် အနာဂတ်ဆီ၊ သဘင်ပညာဌာနမှ ကျောင်းသား ကျောင်းသူများက အလှကျက်သရေဆောင် မငွေတောင် (နတ်ချင်းယိမ်း)၊ လှပဝေဆာ အကပဒေသာ၊ မိဘကျေးဇူးအကျိုးထူး (ရုပ်သေး)၊ ကံကံ၏အကျိုး(ဆို၊ ငို၊ ပြော ဇာတ်တော်ကြီး)၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ ကျောင်းသားကျောင်းသူများက “ငွေ” ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

### တင်ဆက်ပြသဖျော်ဖြေ

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် (၂၆) ကြိမ်မြောက် ပန်းချီ၊ ပန်းပု ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစင်တင် တင်ဆက်ပွဲတွင် ပန်းချီအထူးပြု ကျောင်းသား ကျောင်းသူများ၏ ပန်းချီကား ၂၂ ချပ်၊ ပန်းပုအထူးပြု ကျောင်းသား ကျောင်းသူများ၏ ပန်းပုရုပ် ရှစ်ရုပ်၊ ဂီတအထူးပြု ကျောင်းသား ကျောင်းသူများ၏ တေးဂီတအစီအစဉ် လေးခု၊ သဘင်အထူးပြု ကျောင်းသား ကျောင်းသူများ၏ အက၊ ရုပ်သေး၊ ဇာတ်တော်ကြီး အစီအစဉ် လေးခု၊ ရုပ်ရှင်နှင့် ပြဇာတ်အထူးပြု ကျောင်းသား ကျောင်းသူများ၏ ပြဇာတ်နှင့် ရုပ်ရှင်ဇာတ်ကား သုံးကားတို့ကို တင်ဆက်ပြသဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

သတင်းစဉ်




## သံဖြူဇရပ်မြို့နယ်၌ ဆောင်းနေကြာမျိုးစေ့ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၂၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ၂၀၂၃- ၂၀၂၄ ခုနှစ် ဆောင်းနေကြာ လျာထားချက်ပြည့်မီရေးအတွက် ပထမအကြိမ်မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တောင်သူများအား ဆီထွက်သီးနှံ ဆောင်းနေကြာမျိုးစေ့ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျင်သိန်းက ဆောင်းနေကြာမျိုးစေ့အရည်အသွေး၊ စိုက်ပျိုးမှုနှင့် စားသုံးဆီ ထုတ်လုပ်နိုင်မှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောင်းသီးနှံနေကြာ စိုက်ပျိုးမည့်ကျေးရွာ ၁၅ ရွာမှ တောင်သူများအား နေကြာမျိုးစေ့ ရေဆင်းစပ်မျိုး နေကြာအိတ်များကို တစ်ဧက တစ်အိတ်နှုန်းဖြင့် စိုက်ပျိုး ဧက ၁၀၄ ဧကအတွက် ၁၀၄ အိတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပထမအကြိမ်ပေးအပ်ခဲ့ပြီး သံဖြူဇရပ်မြို့နယ်တွင် ဆောင်းနေကြာကို ဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကဝမြို့နယ်၌ MSMEs လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

ကဝ စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သပြုကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သံရည်ကျို၊ သတ္တုရည်ကျိုလုပ်ငန်း MSMEs များကို ယနေ့နံနက် ၁၀ နာရီက ကဝမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီက သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုး၊ အတွင်းရေးမှူး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်စုလှိုင်နှင့်အဖွဲ့ဝင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးဝင်းတို့က သံရည်ကျို၊ သတ္တုရည်ကျိုလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်



(၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးခင်မောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ကျော်တို့ ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်ရှိ အောင်မင်္ဂလာပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မောင်မောင်(လှိုင်စစ်)

(၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ခနောက်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၄) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး နေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များက ရွာငံမြို့နယ် နွားဘန်းကြီးကျေးရွာ အထက(ခွဲ)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



# တောအုပ်ကြီးများ လုပ်ငန်းခွင်အကြိုသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

သစ်တောဦးစီးဌာနရှိ တောအုပ်ကြီးများ လုပ်ငန်းခွင်အကြိုသင်တန်းအမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း၌ ကျင်းပသည်။

ဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သစ်တောဦးစီးဌာနသည် သစ်တောထိန်းသိမ်းရေး၊ သစ်တောများ စီမံအုပ်ချုပ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်များချမှတ် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တောအုပ်ကြီးများအနေဖြင့် ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစနစ်များနှင့်အညီ သစ်တောသယံဇာတများကို အကောင်းဆုံးစီမံခန့်ခွဲနိုင်စေရန်၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန်နှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး ယခုသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ယခုသင်တန်းတွင် သစ်တောဦးစီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်ချက်များနှင့် အခြားဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုလုပ်ငန်းများကို ပို့ချသွားမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် သင်တန်းမှ ပို့ချချက်များကို အထူးလေ့လာကြိုးစားသွားကြရန်၊ စာတွေ့လက်တွေ့ ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိအောင် အသုံးချသွားကြရန်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာပြီး ပြည်သူလူထုက အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးစားသွားကြရန် မှာကြားသည်။



အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနအကြီးအကဲများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စုပေါင်း၍ တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၃၃ ကျောင်းမှ ရဟန်း၊ သံဃာတော် စုစုပေါင်း ၅၈၁ ပါးတို့အား ဝါတွင်းကာလ ဆွမ်းလောင်းလှူခြင်းကို စက်တင်ဘာ ၂၄ ရက်က မြို့မရဲစခန်းဝင်းအတွင်း လောင်းလှူစဉ်။

တင်စိုးလွင်

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများကို ယနေ့တွင် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။

အဆိုပါ ဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ

**အဆင့်မြင့်ပညာအဆင့် ဆရာ/ဆရာမများ**

**ခေါင်းစဉ် – “ဆရာသည်သာအနာဂတ်ရဲ့ပွဲ့ကိုင်ရှင်”**

ပထမ – ဒေါ်မိုးမိုးခိုင်၊ ကထိက(သမိုင်းသင်ပြနည်းဌာန)၊ မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

ဒုတိယ – ဒေါ်မိုးမိုးသင်း(မိုးမိုးသင်း–ဧရာဝတီ)၊ နည်းပြ(ဒေသသင်ရိုးဘာသာရပ်သင်)၊ ဘားအံပညာရေးဒီဂရီကောလိပ်၊ ကရင်ပြည်နယ်

တတိယ – ဒေါ်နှင်းနုနုလှိုင်(ရှင်မင်းနု–တမူး)၊ လက်ထောက်ကထိက (ပညာရေးစိတ်ပညာ)၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့်**

**ခေါင်းစဉ် – “ဆရာသည်သာအနာဂတ်ရဲ့ပွဲ့ကိုင်ရှင်”**

ပထမ – ဦးညွှန့်ဝင်း(ညွှန့်ဝင်း–နတ်တလင်း)၊ ကျောင်းအုပ်ကြီး၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောက်ခွက်၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

ဒုတိယ – ဦးမြင့်ဦး(အရုဏ်ဦး–မြဝတီ)၊ မြို့နယ်ပညာရေးမှူး၊ မြဝတီမြို့နယ် ပညာရေးမှူးရုံး၊ ကရင်ပြည်နယ်

တတိယ – ဒေါ်နန်းအေးအေးမိုး(နန်းအေး–လွိုင်ကော်)၊ လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)၊ ပြည်နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

**အခြေခံပညာ အထက်တန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် – “ဆရာသည်သာအနာဂတ်ရဲ့ပွဲ့ကိုင်ရှင်”**

ပထမ – ဒေါ်ဆောင်းသဇင်၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ ချိုကယ်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

ဒုတိယ – ဒေါ်လှိုင်းဇာလီသိမ့်(ပုသိမ်သူ)၊ အထက်တန်းပြ၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ – ဦးကောင်းထက်(မောင်တိုသာ–ရွှေတောင်)၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သရက်တော၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

**အခြေခံပညာ အလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် – “ဆရာသည်သာအနာဂတ်ရဲ့ပွဲ့ကိုင်ရှင်”**

ပထမ – ဒေါ်စိုးစန္ဒာလွင်၊ ဒုတိယမူလတန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ဒုတိယ – ဦးပြည့်ဖြိုးအောင်(သီဟဟံသာ)၊ ဒုတိယမူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း (မြို့အနောက်–ခ)၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

တတိယ – ဦးအောင်မျိုးခန့်၊ ဒုတိယမူလတန်းပြ၊ အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်း၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်းဒေသကြီး

### ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် – “ဆရာတို့၏ဂုဏ်ရည်”**

ပထမ – မအေးအေးနွယ်၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်၊ မြစ်ကြီးနား ပညာရေးဒီဂရီကောလိပ်၊ ကချင်ပြည်နယ်

ဒုတိယ – မောင်ဇင်ဖြိုးကျော်၊ ဒုတိယနှစ်၊ ပထမနှစ်ဝက်၊ ဘိုကလေး ပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ – မပြည့်ဖြိုးဦး၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်၊ တောင်ကြီး ပညာရေးဒီဂရီကောလိပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် – “မွန်မြတ်လှပ ဆရာ့ဘဝ”**

ပထမ – မအက်စတာမင်း၊ Grade–10၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ တောင်ကြီး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)

ဒုတိယ – မသင်းယုယုဆွေ၊ Grade–11၊ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)သရက်တော၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း ဒေသကြီး(အနောက်)

တတိယ – မပြည့်ပြည့်ကျော်၊ Grade–12၊ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အလက(၃) မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် – “မွန်မြတ်လှပ ဆရာ့ဘဝ”**

ပထမ – မနွေးအိမ့်ဖြူ၊ Grade–9၊ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အလက(၁)၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီး

ဒုတိယ – မရတီထွန်း၊ Grade–9၊ အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်တံခါး၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)

တတိယ – မမြဖူးသွယ်၊ Grade–8၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆင်ဖြူကျွန်း၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

### ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် – “မြတ်နိုးဂုဏ်အင် ဆရာသခင်”**

ပထမ – မောင်ငြိမ်းခန့်သော်၊ ပထမနှစ်(ဒုတိယနှစ်ဝက်)၊ မြောင်းမြ ပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ – မမေမြတ်နိုးဦး၊ စတုတ္ထနှစ်၊ မြိတ်တက္ကသိုလ်၊ တနင်္သာရီ တိုင်းဒေသကြီး

တတိယ – မဝေဝေထွန်း၊ ပညာရေးဘွဲ့သင်တန်း ဒုတိယနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် – “လမ်းပြကြယ်ပမာ မြတ်ဆရာ”**

ပထမ – မမြတ်သန္တာ၊ Grade–12၊ အခြေခံပညာအထက်တန်း ကျောင်း၊ ညောင်ခါးရှည်၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)

ဒုတိယ – မမြတ်နိုးရတီ၊ Grade–11၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ကော့ကရိတ်၊ ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်

တတိယ – မနှင်းအိဝင့်လွှာ၊ Grade–11၊ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၊ ပုသိမ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း ဒေသကြီး

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် – “လမ်းပြကြယ်ပမာ မြတ်ဆရာ”**

ပထမ – မအေးမြတ်ဖြူ၊ Grade–8၊ အခြေခံပညာအလယ်တန်း ကျောင်း၊ သဘော်ဦး၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

ဒုတိယ – မဝင့်နဒီမေဦး၊ Grade–9၊ အခြေခံပညာအထက်တန်း ကျောင်း၊ ကဝ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

တတိယ – မသင်းသဇင်ထက်၊ Grade–9၊ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၊ ပုသိမ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း ဒေသကြီး

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၃ ရက် (အင်္ဂါနေ့) ညနေထက် နောက်မကျစေဘဲ နေပြည်တော်၊ စည်ပင်တည်းခိုရိပ်သာအမှတ်(၁)တွင် တည်းခိုနိုင်ရန်အတွက် ဦးအောင်လှိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန(ဖုန်း–၀၉ ၈၉၀ ၂၄၈ ၈၈၄)နှင့် ဦးစိုင်းထွန်းအောင်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန (ဖုန်း–၀၉ ၂၆၅ ၃၈၇ ၂၈၁) နေပြည်တော်ထံ ဆုရရှိသူ(+၁)သာ ရောက်ရှိ(မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှု



**နေပြည်တော် စက်တင်ဘာ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံး အဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် အမျိုးသမီးများ ယာယီနားခိုရာ (One Stop Women Center)တို့ကို ကြည့်ရှုပြီး လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် လူမှုသဟဇာတဖြစ်ရေးအစီအစဉ်အရ ဖွင့်လှစ်ထားရှိသည့် ဘာဆာရွာကျေးရွာမှ မူဆလင်ဘာသာဝင် အမျိုးသမီးများ၏ အခြေခံစက်ချုပ်သင်တန်းကို သွားရောက်ကြည့်ရှုပြီး အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများကို ကြိုးစားသင်ယူကြရန်၊ မိမိတတ်ကျွမ်းသည့် ပညာရပ်ဖြင့် မိသားစုဝင်ငွေများ တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြရန်၊ သင်တန်းဆင်းပြီးသူများ၏ အလုပ်အကိုင်ရရှိမှုများကို မှတ်တမ်းများဖြင့် စနစ်တကျထားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုခါမုန်တိုင်းကြောင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် ပြန်လည်လက်ခံရေးစခန်းများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် ရတနာပန်းတောင်းသင်္ဘောပေါ်မှ မိုခါမုန်တိုင်းပြန်လည်ထူထောင်ရေးပစ္စည်းများ ကရိန်းယာဉ်ဖြင့် ဆိပ်ကမ်းချနေမှုအခြေအနေများ၊ စစ်တွေမြို့ Point အပန်းဖြေစခန်း ပြန်လည်ပြုပြင် တည်ဆောက်ထားရှိမှုနှင့် စစ်တွေမြို့ ရှုခင်းသာလမ်း ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရခိုင်ပြည်နယ် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ အသစ်တည်ဆောက်မည့်မြေနေရာနှင့် မိုခါမုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားသော သိုလှောင်ရုံဟောင်းနေရာများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Excellent Liaison Official Award ဆု ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၅**

အကြိမ် (၂၀) မြောက် China ASEAN Business and Investment Summit (CABIS) ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် CAEXPO အဆောက်အအုံ၌ ပြုလုပ်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Li Qiang က တက်ရောက်ဖွင့်လှစ်ပေးသည်။

မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ Grand Metropark Hotel ၌ China ASEAN Business Leaders Forum ကျင်းပသည့် အခမ်းအနားသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Sonexay Siphandone တက်ရောက်သည်။ အခမ်းအနားတွင် China Council for the Promotion of International Trade (CCPIT) ဒုတိယဥက္ကဋ္ဌက Excellent Liaison Official Award ဆုများကို အာဆီယံနိုင်ငံအသီးသီးမှ Official များသို့ ပေးအပ်ရာ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးကျော်ဒေဝ ချီးမြှင့်ခြင်းခံရသည်။

CABIS ၏ ဆက်စပ်အစည်းအဝေးတစ်ခုဖြစ်သော International Trade and Investment Promotion Conference တွင်လည်း ဦးကျော်ဒေဝ က Myanmar's Economic & Trade Development and Business Environment as well as China–Myanmar Economic & Trade Exchanges and Business Opportunities ခေါင်းစဉ်ဖြင့် Presentation ပြုလုပ်၍ ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# သနပ်ပင်မြို့နယ်၌ စားသုံးဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**သနပ်ပင် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်စီစဉ်ပေးမှုဖြင့် ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် သနပ်ပင်မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်သုံးဆိုင်နှင့် သနပ်ပင်မြို့ပေါ် ရှိ ကုန်စုံဆိုင်လေးဆိုင် စုစုပေါင်း ခုနစ်ဆိုင်တွင် ဒေသခံပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၀၅၀ နှုန်းဖြင့် အိမ်ထောင်စုတိုင်း အလွယ်တကူဝယ်ယူရရှိနိုင်ရေး ရပ်ကွက်/ကျေးရွာအလိုက် အလှည့်ကျစနစ်ဖြင့် နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ရောင်းချပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# တန့်ယန်းမြို့ အထက (၁)၏ လူငယ်ဘင်ခရာသင်တန်းဆင်းပွဲ ကျင်းပ

**တန့်ယန်း စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ လူငယ် ဘင်ခရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ပြောကြား**

အဆိုပါ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်နိုင်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းမန်တို့က သင်တန်းဆင်း အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဘက်စုံထူးချွန်ဆုနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလွင်ထွန်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် သင်တန်းဆင်း လူငယ်ဘင်ခရာတပ်ဖွဲ့က တေးသီချင်းများ၊ အခြေခံ အလှပြကွက်များနှင့် သရုပ်ဖော် ကကွက်များကို တီးမှုတ် တင်ဆက် ကပြကြကြောင်းနှင့် အဆိုပါသင်တန်းကို တစ်လကျော် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**



ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့၌ (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်တွင် အမှတ် (၃) နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီးနေစိုးအေး ဦးဆောင်၍ အမှတ် (၃) နယ်ခြားစောင့်တပ်ဖွဲ့ခွဲနှင့် အမှတ် (၈) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲတို့ ပူးပေါင်း၍ အရာရှိ တပ်ဖွဲ့ဝင် ၅၀ ခန့်က ဘူးသီးတောင်မြို့ မြို့မရပ်ကွက်ရှိ ပြည်သူ့ဆေးရုံခြံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ **ခရိုင်(ပြန်/ဆက်)**

## လေဖိအားနည်းဆဲလ် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဂုဏ်ပြုဆောင်းပါး

# အစိမ်းရောင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အားလုံးပါဝင်ကြိုးစားပေး

**ထက်ဝေအောင်(စစ်ကိုင်း)**

မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် မြန်မာ့ရေမြေတောတောင်သဘာဝအလှများက ချစ်စရာကောင်းလှသည်။ ကမ္ဘာတစ်လွှား နိုင်ငံခြားသားခရီးသွားများ၏ နှလုံးသားကို ရိုးသားပွင့်လင်းစွာ ညှို့ငင်ဖမ်းစားနိုင်စွမ်းရှိသည်။ မြန်မာ့အပြုံး သူတို့နှလုံးသားထဲအရောက် စွမ်းဆောင်နိုင်သည်။ မြန်မာလူမျိုးများအတွက်လည်း ဘာသာ၊ သာသနာ စည်ပင်ထွန်းကားရာနိုင်ငံတွင် လူဖြစ်ကြရခြင်းက အလွန်ဂုဏ်ယူစရာကောင်းသည်။ မြန်မာလူမျိုးများသည် ဘာသာတရားကို အလေးအမြတ်ပြုပြီး ကောင်းမှုနှင့်မကောင်းမှု၊ အမှားနှင့်အမှန်၊ အဖြူနှင့်အမည်း သဘောတရားများကို ကောင်းစွာနားလည်သိရှိကြသကဲ့သို့ ရိုးသားမှုကို အဖော်ပြုထားသူများဖြစ်ကြသည်။ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည့်နည်းတူစွာ လယ်ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံတို့ကို အမှီပြု၍ သမ္မာအာဇီဝကျသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ မိမိတို့ကိုးကွယ်ရာဘာသာတရားကို ဦးထိပ်ပန်ဆင်ပြီး သမထ၊ ဝိပဿနာတရားများနှင့် သာသနာရေရှည်တည်တံ့ရေး ကျင့်ကြံပွားများအားထုတ်ကြသည့် ဆရာတော်ကြီးများကို ပေးလှူဒါန မြတ်ဓမ္မနှင့် မွေ့ပျော်ကြသည့် အစဉ်အလာကောင်းများလည်းရှိပါသည်။

**ဒေသအလိုက် မတူကွဲပြားမှုကို စူးစမ်းလေ့လာ**

ပြည်တွင်း ပြည်ပခရီးသွားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် နယ်မြေဒေသ လေ့လာလိုစိတ်၊ စွန့်စားသွားလာလိုစိတ်ဖြင့် ခရီးထွက်ကြသည်။ ခရီးသွားလာသူများအတွက် ခရီးစဉ်ချောမွေ့မှုသည် လိုအင်ဆန္ဒတစ်ခုဖြစ်သည်။ တောတောင်အလှသဘာဝကို လေ့လာခြင်း၊ ရှုမျှော်ခင်းများကို ဓာတ်ပုံရိုက်ခြင်း၊ လူနေမှုသဘာဝကို မှတ်တမ်းပြုစုခြင်းများသည် ခရီးသွားအများစု၏ အဓိကအာသီသဖြစ်သည်။ မြန်မာနိုင်ငံတွင် စိမ်းလန်းသော တောတောင်သဘာဝအလှများနှင့် ပြည့်နှက်နေပေသည်။ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် စိမ်းလန်းစိုပြည်သော ထင်းရှူးပင်များ၊ အစိမ်းရောင်သစ်တောအုပ်ကြီးများ၊ ရှုခင်းများ၊ သစ်ပင်ပန်းမန်များ၊ ရေခဲတောင်များ၏ အလှအပများ၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်အသစ်များ၊ လင်းနို့မျိုးစိတ်များ၊ သဘာဝအခြေခံဂေဟစနစ်များ၊ ငှက်မျိုးစိတ်များ၊ ရေပေါ်စိုက်ခင်းများ၊ ရွှေသမင်များ၊ ဒေါင်းများ၊ ကြိုးကြာများနှင့် လိပ်များ၊ ရေပေါ်ငှက်များ၊ ဆောင်းခိုငှက်များ၏ ရွှေ့ပြောင်းသွားလာမှုများ၊ မျောက်များ၊ ဆေးဖက်ဝင်အပင်များ၊ စန္ဒကူးအပင်များ၊ လမုတောများ၊ ရှားပါးသစ်ခွမျိုးစိတ်များ၏ ဒေသအလိုက် မတူကွဲပြားမှုကို စူးစမ်းလေ့လာခံစားနိုင်ပေသည်။

အဆိုပါသဘာဝအလှအပများ ကြည့်ရှုခံစားနိုင်ရန်အတွက် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ချပ်သင်းဘေးမဲ့တော၊ အင်းတော်ကြီးအိုင်၊ ခါကာဘိုရာဇီတောင်၊ အင်းလေးဒေသ၊ လောကနန္ဒာဘေးမဲ့တော၊ ပုပ္ပားဒေသများဆီသို့ သွားရောက်လည်ပတ်နိုင်သည်။ ရေမြေဒေသအလှအပကို ခံစား၍ လှေစီးခြင်း၊ တောင်တက်ခြင်းများ စိတ်အပန်းပြေဆောင်ရွက်နိုင်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးနှစ်ခြိုက်သည့် ခရီးစဉ်ဒေသများဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းအားလုံးတွင် ဧည့်သည်များ၏ စိတ်ကျေနပ်မှုသည် လွန်စွာအဓိကကျပေသည်။ သူတစ်ပါးစိတ်ကျေနပ်အောင် ဆောင်ရွက်ပေးရသည့် သိမ်မွေ့သောအလုပ်လည်းဖြစ်သည်။ တစ်ဖက်လူ၏စိတ်ကို အကဲခတ်လေ့လာပြီး စိတ်ကျေနပ်မှုရရှိအောင် မိမိဘက်မှ ဖြည့်ဆည်းပေးရသည်။ အရည်အသွေးပြည့်မီသည့်ဝန်ဆောင်မှုတွင် အလုပ်ကိုတန်ဖိုးထားသည့် ဝန်ထမ်းများအပေါ်၌ များစွာတည်မှီနေပေသည်။ ခရီးသွားလုပ်ငန်းနှင့် နီးနွယ်ဆက်စပ်သည့် ဧည့်လမ်းညွှန်များ မွေးထုတ်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းပေးခြင်း၊ မိတ်ဖက်လုပ်ငန်းရှင်အချင်းချင်း အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ခရီးသွားများ၏ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအစီအမံများ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် များစွာအရေးပါလှသည်။

သို့ဖြစ်၍ မြန်မာ့ရေမြေ၊ တောတောင်သဘာဝအလှ အထင်ကရနေရာတစ်ခုအဖြစ် အမွှမ်းတင်




ကျန်ရစ်နေစေရေး ဝိုင်းဝန်းကြိုးစားကြရမည်။ ရိုးသားရမည်။ ယဉ်ကျေးဖော်ရွေရမည်။ အစဉ်သဖြင့်နာမည်ရှင်သန်နေရမည်ဖြစ်သည်။ ခရီးသွားများအတွက် ချောမွေ့သောခရီးစဉ်များဖြစ်ရေးကြိုးပမ်းရပေမည်။ ခရီးစဉ်တွင် မဖြစ်မနေ ထိတွေ့ဆက်ဆံနေကြရသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အငှားယာဉ်များ၏ နွေးထွေးပျူငှာသော ဆက်ဆံရေးတစ်ရပ်ကို မျှော်လင့်ကြသဖြင့် ခရီးသွားလိုသူများအတွက် ခရီးသွားအိပ်မက်များကို ဝန်ဆောင်မှုအပြည့်အဝဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ခရီးသွားအများစုသည် ရေစိမ်းမြေစိမ်းဒေသ၏ အငွေ့အသက်ကို ခံစားလိုကြသည်။ မထိတွေ့ဖူးသော ရေမြေတောတောင်အလှ၏ အေးမြမှုကိုခံစား၍ ကိုယ်စိတ်နှစ်ပါး အပန်းဖြေလိုကြသည်။ ပြည်ပခရီးသွားအများစုသည် သုတေသနနှင့်သက်ဆိုင်သော လုပ်ငန်းများ၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို သုတေသနပြုလေ့လာရန် အတွက် ခရီးထွက်ကြလေ့ရှိသည်။

**ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ**

ပြည်တွင်းခရီးသွား လုပ်ငန်းများမှတစ်ဆင့် နိုင်ငံအချင်းချင်း၊ ဒေသအချင်းချင်း လူ့တန်ဖိုး၊ စီးပွားရေးအတွေးအမြင်၊ သမိုင်းအမွေအနှစ် ထိန်းသိမ်းခြင်း၊ တောတောင်သဘာဝဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ရိုင်းပင်းကူညီခြင်းဆိုင်ရာ လိုက်နာသင့်သည့်ကျင့်ဝတ်များသည် နိုင်ငံဖွံ့ဖြိုးမှုနှင့်အတူ တစ်ပါတည်း ရှင်သန်ဖွံ့ဖြိုးလာနိုင်သည်။ သို့ဖြစ်၍ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရန် စဉ်ဆက်မပြတ်လေ့လာအားထုတ်ရမည်ဖြစ်သည်။ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် အချက်အလက်များကို သဘောပေါက်နားလည်ပြီး ဒေသထွက်ပစ္စည်းများ၏ အရည်အသွေးနှင့် တန်ဖိုးမျှတ အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချရာတွင် ခရီးသည်များအတွက် ခရီးစဉ်ရောက်ဒေသထွက် အမှတ်တရပစ္စည်းများ ကြံ့ခိုင်ရေး၊ တာရှည်ခံရေး၊ မြတ်နိုးတန်ဖိုးထားစေရေးအတွက် မိမိတို့ဘက်က ပေးစွမ်းရမည်မှာ စေတနာသာဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ခရီးသွားလုပ်ငန်းများကို သူ့နည်းသူ့ဟန်ဖြင့် မြှင့်တင်လျက်ရှိကြသည်။ အကြောင်းရင်းမြစ်မှာ ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ခြင်း၊ ဒေသခံများ၏ ကိုယ်တိုင်စီမံခန့်ခွဲမှု၊ ကိုယ်ရည်ကိုယ်သွေး၊ စီးပွားရေးအမြင်၊ မျှဝေခံစားနိုင်စွမ်းအားနှင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေးအမြင်များကို မြှင့်တင်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ ဖွံ့ဖြိုးမှု၊ မဖွံ့ဖြိုးမှုကို အဖြေညှိနိုင်သည့် ခရီးသွား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဗဟိုပြု၍ နိုင်ငံဖွံ့ဖြိုးရေးအတွေးအမြင်ဖြင့် ခရီးသွားလုပ်ငန်းစီမံကိန်းများကို အားပေးဆောင်ရွက်ခြင်းနည်းတူ နိုင်ငံတော်အနေဖြင့်လည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးရန် လမ်းညွှန်တိုက်တွန်းလျက်ရှိပေသည်။ တစ်နည်းအားဖြင့် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေသော၊ သဘာဝသယံဇာတများကို စနစ်တကျအသုံးပြုသော၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို သုံးစွဲသော၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲသော စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ရေရှည်မျှော်မှန်းချက်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ လျှောက်လှမ်းရာတွင် အစိမ်းရောင်စီးပွားရေး ချဉ်းကပ်မှုနည်းလမ်းများ၊ အစိမ်းရောင်နည်းပညာများနှင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။

**ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများ**

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများ ကြွယ်ဝသော နိုင်ငံများအနက် တစ်နိုင်ငံအဖြစ်ပါဝင်သည်ကို တွေ့ရသည်။ အဆိုပါ သဘာဝအရင်းအနှီးများသည် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါလှပြီး စီးပွားရေးအရင်းအမြစ်သဖွယ် နိုင်ငံကို ကျောထောက်နောက်ခံပြုလျက်ရှိသည်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်သကဲ့သို့ ရာသီဥတုပြောင်းလဲမှုကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအဖြစ်လည်း တည်ရှိနေသည်။ သစ်တောများ၏ ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူနိုင်စွမ်းအားဖြင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်စွမ်းကို ယုံကြည်လျက် သဘာဝကပေးစွမ်းသည့် အင်အားဖြင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့မျက်နှာစာတွင် အစိမ်းရောင်စီးပွားရေးရင်းနှီးမြှုပ်နှံပေးရေး ကြွေးကြော်သံသည် တဖြည်းဖြည်းကျယ်ပြန့်လာသည်။ လူသားများ သက်ရှည်ကျန်းမာရေး၊ သဘာဝဘေးလျော့ပါးရေး၊ သဘာဝအရင်းအနှီးများကို စနစ်တကျထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပျက်စီးမှုကို ပြုပြင်ခြင်းထက် စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်းသည် ကုန်ကျစရိတ်နည်းပါးပြီး ပိုကောင်းသောဝန်းကျင်ကို ဖြစ်ပေါ်စေသည်။ သဘာဝအရင်းအနှီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါလှသော အဓိကအချက်များဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များမှရရှိသော ဂေဟစနစ်တန်ဖိုးနှင့် စီးပွားရေးအကျိုးအမြတ်များကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်လျက် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းတည်ဆောက်သွားကြရမည်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးများ**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်ရာတွင် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ကိစ္စရပ်များ၊ အစိမ်းရောင်အခြေခံအဆောက်အအုံများ တည်ဆောက်မှုမြှင့်တင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်မှုရှိစေရေး၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာမူဝါဒနှင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စသောအချက်များပါဝင်သည်ကို တွေ့ရှိရသည်။ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု၏ အားသာချက်တစ်ရပ်အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်နိုင်စေသည်။ သဘာဝတန်ဖိုးကို နားလည်သိရှိလျက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးပုံစံဖြင့် ဆောင်ရွက်ပါလျှင် ဂေဟစနစ် ပိုမိုအားကောင်းလာမည်ဖြစ်သည်။ ယနေ့ကမ္ဘာတစ်လွှားတွင် ရင်ဆိုင်ကြုံတွေ့နေကြရသည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုပြဿနာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးပြဿနာများ အထိုက်အလျောက် ပြေလည်သွားမည်ဖြစ်သည်။ ကျယ်ပြန့်သည့်လုပ်ငန်း၊ ကောင်းမွန်သောအစုအဖွဲ့အဖြစ် ရေရှည်တည်တံ့စေရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသီးသီးတွင် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်မျှော်လင့်စွာဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွေးအမြင်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂၄ ရက် ညနေပိုင်းတွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ပြုလုပ်ရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂသာမိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ(ဝဋံသကာ) ပါဠိပါရဂူ စေတိယင်္ဂဏပဝရသီရိ မဟာဓမ္မ ဂုရု လှုရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ ဆရာတော်ထံမှ ပဋ္ဌာန်းတရား ရွတ်ပွားစိတ်ထားနည်းနှင့် အကျိုးတရားများကို နာကြားကြသည်။ ယင်းနောက် အလှည့်ကျ ပဋ္ဌာနဘာဏက သံဃာတော် အရှင်သူမြတ်များက မဟာပဋ္ဌာန်းပါဠိတော်အား စတင်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ သံဃာတော်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ရောဂါဘေးအန္တရာယ်များ ကင်းရှင်းစေရေး၊ တိုင်းဒေသကြီး အေးချမ်းသာယာမှုရှိစေရေးနှင့် နိုင်ငံတော်ကြီး အေးချမ်းသာယာရေးတို့အတွက် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# (၁၂) ကြိမ်မြောက် မြန်မာ-တရုတ် လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

(၁၂) ကြိမ်မြောက် မြန်မာ-တရုတ် လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး (Twelfth Meeting on Cooperation to Combat Trafficking in Persons between Myanmar and China) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် PARK ROYAL Hotel ၌ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှုခင်းရဲတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Shiqu ဦးဆောင်သော ကိုယ်စားလှယ်ရှစ်ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုအခြေအနေများနှင့် ပြောင်းလဲဖြစ်ပေါ်လာသော လူကုန်ကူးမှုပုံစံများ၊ လန်ချန်း-မဲခေါင်ဒေသအတွင်း ဖြစ်ပွားနေသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ တရားမဝင် ဖမ်းဆီးချုပ်နှောင်မှု၊ အဓမ္မခိုင်းစေမှုများနှင့် အဆိုပါ မှုခင်းများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေး၊ တရားမဝင် ဝင်/ထွက်သွားလာမှုများနှင့် လူကုန်ကူးမှုများကို နှစ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းတိုက်ဖျက်နိုင်ရေးကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အဆိုပါ အစည်းအဝေးကျင်းပခြင်းအားဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်ရာရောက်ခြင်း၊ နှစ်နိုင်ငံအကြား သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ လူကုန်ကူးမှုများ စုံစမ်းဖော်ထုတ်ခြင်း၊ လူကုန်ကူးခံရသူများကို ကယ်တင်ခြင်းနှင့် ကျူးလွန်သူတရားခံများကို ဖမ်းဆီးခြင်း ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းနှင့် နှစ်နိုင်ငံအကြား ဖြစ်ပွားသော လူကုန်ကူးမှုများ လျော့နည်းကျဆင်းစေခြင်း စသည့်အကျိုးကျေးဇူးများရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မှော်ဘီမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မှော်ဘီ စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ကွင်းဆင်း စစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သပြေကုန်းကျေးရွာတွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မြတ်ကောင်းကင် ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အကျယ် လေးလက်မခွဲ အနက်ပေ ၆၀၀ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ အမြင့်တင်ရေစင်နှင့် ရေစက်ရုံလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်အောင်နေခြည်ဈေးအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် သတ်မှတ်ရည်ညွှန်းဈေးဖြင့် စားသုံးဆီရောင်းချမှုအား ကြည့်ရှုစစ်ဆေး

မြန်အောင် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်အတွင်း ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် မြန်အောင်နေခြည်ဈေးအတွင်း စားအုန်းဆီ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသော ဆိုင်များကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စားသုံးဆီများကို ဒေသခံပြည်သူများ ဈေးနှုန်းသက်သာစွာ



ဝယ်ယူနိုင်ရန် သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးလျက်ရှိသော ဆိုင်များအား မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျင်စိုးနှင့် မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြန်အောင်နေခြည်ဈေးအတွင်းနှင့်ရပ်ကွက်များအတွင်း ဆီရောင်းချနေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

# Grade-9 အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်၉ နာရီက အထက (၃)အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါက်တာစုစုလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးရန်နိုင်က ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်စိမ်းလဲ့က ပညာသင်အခွင့်အလမ်းများကြောင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းမြင့်က ကျောင်းများတွင် လျှောက်ထားနိုင်ရေးနှင့် သင်ကြားမည့်ပုံစံများကို ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသော သုတ၊ရသ စာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းက အာဖရိကဒေသအတွင်း အခြေခံအဆောက်အအုံဆိုင်ရာကဏ္ဍကို မြှင့်တင်ပေးခဲ့ဟု အာဖရိကသမဂ္ဂတာဝန်ရှိသူ ပြောကြား



**အဒစ်အာဘာဘာ စက်တင်ဘာ ၂၅**

တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် တရုတ်-အာဖရိက အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခဲ့ကြောင်း အာဖရိကသမဂ္ဂ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်း ကုန်သွယ်မှုဆိုင်ရာ အကြီးအကဲ အယ်လ်ဘာတို မြူချန်က စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် စက်မှုဥယျာဉ်များနှင့် သယ်ယူပို့ဆောင်ရေးကွန်ရက်များကို ဖန်တီးပေးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် အာဖရိကနိုင်ငံများအကြား ဆက်သွယ်မှုကို မြှင့်တင်နိုင်ခဲ့ပြီး အလုပ်အကိုင်များစွာကိုလည်း ဖန်တီးပေးခဲ့ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။ ယခုနှစ်သည်ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ဆယ်နှစ်ပြည့်သည့်နှစ်ဖြစ်သည့်အတွက် ၎င်းကာလများအတွင်း ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၏ အောင်မြင်မှုများကို သိသာစွာမြင်တွေ့ခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

၎င်းစီမံကိန်းအရ အလုပ်အကိုင်များစွာကို ပေးအပ်နိုင်ခဲ့ပြီး အာဖရိကနိုင်ငံများ၏ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အာဖရိကဒေသနိုင်ငံများသည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို များစွာတန်ဖိုးထားကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**




# အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ပေးအပ်မည်

**မနီလာ စက်တင်ဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ပေးအပ်မည်ဟု သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ အရည်အသွေး မြှင့်တင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသဖြင့် ယခုကဲ့သို့ ချေးငွေပေးအပ်ခြင်းဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။

အင်ဒိုနီးရှားသည် ၂၀၄၅ ခုနှစ်တွင် ဝင်ငွေမြင့်မားသည့်နိုင်ငံအဖြစ်သို့ရောက်ရှိရေး ဆောင်ရွက်နေရာတွင် နှစ်စဉ်ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးကို အနည်းဆုံး ခြောက်ရာခိုင်နှုန်း မြင့်တက်စေရေး ဆောင်ရွက်နေသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အလုပ်အကိုင်များ တိုးမြှင့်ခန့်ထားခြင်း၊ ကုန်သွယ်မှုမြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းတို့ကို အလေးပေးဆောင်ရွက်နေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အင်ဒိုနီးရှားဌာနေကိုယ်စားလှယ် ဂျေရိုတိုမင်က မှတ်ချက်ပြုပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် လျှပ်စစ်ကားဘက်ထရီထုတ်လုပ်ရေးလုပ်ငန်းများအတွက် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းငါးခုကို လက်မှတ်ရေးထိုးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကြောင့် သေဆုံးသူ ၉၀၀ ကျော်ရှိလာ




**ဒါကာ စက်တင်ဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း၌ ယခုနှစ်လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၈၇၇၂၅ ဦးရှိခဲ့ကာ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကြောင့် သေဆုံးသူ ၉၀၀ ကျော်ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်းတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုကြောင့် ဇူလိုင်လအတွင်းက ၂၀၄ ဦး၊ ဩဂုတ်လအတွင်းက ၃၄၂ ဦးနှင့် စက်တင်ဘာလအတွင်း လက်ရှိအချိန်အထိ ၃၁၆ ဦးအပါအဝင် သေဆုံးသူစုစုပေါင်း ၉၀၉ ဦးရှိလာကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇူလိုင်လအတွင်းက သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၄၃၈၅၄ ဦး၊ ဩဂုတ်လအတွင်းက ၇၁၉၇၆ ဦးနှင့် စက်တင်ဘာလအတွင်း လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၆၃၉၁၇ ဦးရှိကြောင်း သိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၀၀၈ ဦးရှိခဲ့ကာ သေဆုံးသူ ၁၆ ဦးရှိခဲ့ကြောင်းနှင့် လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူ ၁၇၆၃၄၆ ဦးရှိကြောင်းလည်း သိရသည်။

ဇွန်လမှ စက်တင်ဘာလအထိ ကာလသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အများဆုံးကာလဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ကျောက်မီးသွေးတွင်းမီးလောင်မှုကြောင့် သေဆုံးသူ ၁၆ ဦးရှိ

**ပေကျင်း စက်တင်ဘာ ၂၅**



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ် ပန်ကျိုးမြို့၌ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကျောက်မီးသွေးတွင်းတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူ ၁၆ ဦးရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ယနေ့တွင် ပြောကြားသည်။

အဆိုပါ ကျောက်မီးသွေးတွင်းမီးလောင်မှုသည် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကျောက်မီးသွေးတွင်း မီးလောင်မှုတွင် သယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့် ပိတ်မိနေခဲ့သူ ၁၆ ဦးရှိကြောင်းလည်း ကနဦးစုံစမ်းစစ်ဆေးမှုများအရ သိရသည်။

လက်ရှိအချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် ကျောက်မီးသွေးတွင်းအား မီးငြိမ်းသတ်နိုင်ခဲ့ပြီး လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# လာအိုနိုင်ငံတွင် ခရီးသွားနှစ်ကို ကြိုဆိုသောအားဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်မည်



**ဗီယင်ကျန်း စက်တင်ဘာ ၂၅**

လာအိုနိုင်ငံတွင် ခရီးသွားနှစ်ကို ကြိုဆိုသောအားဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေသန္တရမီဒီယာက ယနေ့ပြောကြားသည်။

၂၀၂၄ ခုနှစ်တွင် ကျရောက်မည့် လာအိုခရီးသွားနှစ်အတွင်း ခရီးသည် ၄ ဒသမ ၆ သန်းကို ဆွဲဆောင်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်အရ ဒေသထုတ်ကုန်များကို မြှင့်တင်ပြီး ခရီးသွားများဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် ကီကေအို ကေခန်ဖီသောင်းက ပြောကြားသည်။ ၎င်းအစီအစဉ်အရ ယဉ်ကျေးမှုနှင့် ရိုးရာပွဲတော်များကို နိုင်ငံအနှံ့အပြားတွင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ထိုသို့ကျင်းပခြင်းဖြင့် ခရီးသည်အများအပြားကို နိုင်ငံအတွင်းဝင်ရောက်ရေး ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဝင်ငွေအများအပြားရရှိမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်ဆိုင်ရာ လှုပ်ရှားမှု ၁၄ ခုကို နိုင်ငံတစ်ဝန်းကျင်းပမည်ဖြစ်ပြီး ၆၁ ခုကို ပြည်နယ်များတွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ လာအိုနိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် ခရီးသည် အနည်းဆုံး ၄ ဒသမ ၆ သန်း ဝင်ရောက်စေရေးနှင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၇၁၂ သန်းရရှိရေး ဆောင်ရွက်မည်ဖြစ်သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။


အပြည်ပြည်ဆိုင်ရာ သက်ကြီးသူများနေ့

INTERNATIONAL DAY OF OLDER PERSONS

" သက်ကြီးသူများဘဝ သာယာဖို့ သက်ရှယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ "

" Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations "

၁.၁၀.၂၀၂၄ နေပြည်တော်


# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ လူငယ်စကားဝိုင်းနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပုသိမ်ခရိုင် ပညာရေးမှူး ဒေါ်သန်းသန်းဦးက ပညာရေးကဏ္ဍနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ဇင်မာဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက်တန်းပြဆရာမ ဒေါ်ကလျာစောမြတ်မွန်က လူငယ်နှင့် စာရိတ္တ၊Grade -11 မှ စောဂျွန်ကနေဒီလင်းက စာအုပ်စာပေလူ့မိတ်ဆွေ၊ Grade -11 မှ မောင်နေမျိုးအောင်က လူငယ်နှင့် မျိုးချစ်စိတ်၊ Grade-11 မှ မယွန်းသစ္စာက လူငယ်နှင့် ပညာ၊ Grade-11 မှ မယွန်းသဒ္ဒါဖြူက လူငယ်နှင့် ကျန်းမာရေးစသည်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းစိုးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




**ဝမ်းတွင်း**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ (လျော်ပင်)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများကို ကျင်းပပေးရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမြစောက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ့သားကောင်းရတနာများဖြစ်သည့် လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်၊ လူငယ်များအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်ကာ ပူးပေါင်းဆောင်ရွက်သည့် အလေ့ကျင့်ကောင်းများရရှိစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် လူငယ်စကားဝိုင်းများကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပခဲ့ရာ Grade-11 မှ ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မအေးသန္တာကျော်က မူးယစ်ဆေးဝါး ဘာကြောင့်သုံးစွဲရသလဲ၊ မရတီလွင်က မူးယစ်ဆေးဝါး ဆိုးကျိုး၊ မောင်ထက်ဝေယံက မူးယစ်ဆေးဝါးအမျိုးအစား၊ မမေသံစဉ်က မူးယစ်ဆေးဝါးကို မြန်မာနိုင်ငံက ဘယ်လိုတိုက်ဖျက်နေသလဲ၊ မောင်ကြယ်စင်မင်းခန့်က မူးယစ်ဆေးဝါးကို ကမ္ဘာက ဘယ်လိုတိုက်ဖျက်နေသလဲ စသည့်ခေါင်းစဉ်အများအလိုက် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူလေးများက ဆွေးနွေးချက်များအပေါ် သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ဆက်လက်ပြီး လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူလေးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းမွန်မွန်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း လှမဍ္ဍူခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးမင်းမင်းရှိန်က လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်နှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှု ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် နောင်တစ်ချိန်တွင် နိုင်ငံနှင့်လူမျိုး အကျိုးအတွက် သယ်ပိုးထမ်းရွက်လာကြရမည်ဖြစ်ပြီး နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတတ်အောင်၊ တန်ဖိုးထားတတ်အောင် အသိပညာအတတ်ပညာများကို လေ့လာဆည်းပူးကြစေလိုကြောင်း၊ အသိပညာမြင့်မားမှသာ ဗလငါးတန်ဖွံ့ဖြိုးပြီး ကိုယ်ရည်ကိုယ်သွေး မြင့်မားမည်ဖြစ်ကြောင်း၊ လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရမည်ဖြစ်ပြီး လူ့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေတတ်စေလိုကြောင်း စသည်ဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောပေးကြရာ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





**လှည်းကူး**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း (ကျွန်းကလေး)တို့ ပူးပေါင်းကျင်းပသော အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်မင်းညွန့်က စာဖတ်ပါ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဦးရန်နိုင်ဦး (ခ) ချစ်သဲဖြူ (ကော့ကရိတ်)က အချိန်ကိုအကျိုးရှိစွာ အသုံးချပါ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။ ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ငါးဦးတို့က ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ ယနေ့လူငယ် နောင်ဝယ် လူကြီး၊ ပညာရဲရင့် ပွဲလယ်တင့်၊ အစဉ်ရေးရှု မြန်မာ့ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုချီးမြှင့်




နေပြည်တော် စက်တင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းရမိသော လက်နက်/ခဲယမ်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ငပုတောမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲကျင်းပ

ငပုတော စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အထက နဝရတ်ခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာထွန်းက အခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဟေမာန်ဦးက အမှိုက်နှင့် ပလတ်စတစ်အန္တရာယ်အကြောင်းနှင့်ပတ်သက်၍ Power Point ဖြင့် အသိပညာပေး ဟောပြောခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နှင်းဝေလှိုင်က သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့မြေစောင့်ရှောက်ခြင်းခေါင်းစဉ်ဖြင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲတွင် အလယ်တန်း အဆင့်၊ အထက်တန်းအဆင့် ထူးချွန်စွာ ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကာ တက်ရောက် လာကြသူများနှင့် ကျောင်းသား ကျောင်းသူများက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ပြသထားသော ပန်းချီ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကလိန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့်တာဝန်ခံ ဝန်ထမ်းများက ကလိန်ကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများ၊ ရေလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကလိန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၅၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၀ နှင့်ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း ၁၉၁ ဦးထိရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၃၆၅ သိန်းကို ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



## ဝန်ထမ်းသက်သာချောင်ချိရေး သီးနှံပင်များစိုက်ပျိုးပေး



မုံရွာ စက်တင်ဘာ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ စားဝတ်နေရေး အဆင်ပြေစွာ စားသုံးနိုင်ကြစေရန်ရည်ရွယ်၍ ဝန်ထမ်းသက်သာချောင်ချိရေး ပြောင်း၊ ပဲ၊ ရုံးပတီ၊ ချဉ်ပေါင်၊ ကန်စွန်း၊ ခရမ်း၊ ဖရုံ၊ ဘူး၊ ခဝဲ စသည့်သီးနှံများ စိုက်ပျိုးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါသီးနှံများ စိုက်ပျိုးထားမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၉-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၃၀ | ၂၃၁၀ | ၂၂၉၀ | ၂၃၉၀ | ၂၄၀၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၅ | ၂၃၄၅ | ၂၅၇၅ | ၃၃၁၅ |
| 95 Ron | ၂၃၆၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၈၅ | ၂၅၁၅ | ၂၄၀၅ | ၂၄၂၀ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၅ | ၂၆၀၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၄၅ | ၂၆၄၀ | ၂၆၀၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၂၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၀ | ၂၈၉၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၅၀ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၆၉၅ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၆၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၆၅၀ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၆၉၅ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၆၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၆ | ၂၂၂၃ |
| 95 Ron | ၂၂၅၁ | ၂၃၃၀ |
| HSD (500 ppm) | ၂၄၅၃ | ၂၅၃၁ |
| HSD (50 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (10 ppm) | ၂၅၂၇ | ၂၆၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၇၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၄-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ပြည်သူများအားထားရသည့် အရည်အချင်းရှိသော ဘက်စုံတော်သည့် သူနာပြုကောင်းများ လေ့ကျင့်မွေးထုတ်ပေး



**ထားဝယ် စက်တင်ဘာ ၂၅**

နိုင်ငံတော်က အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရာတွင် ပြည်သူများအားထားရသည့်အရည်အချင်းရှိသော ဘက်စုံတော်သည့် သူနာပြုကောင်းများ လေ့ကျင့်မွေးထုတ်ပေးရမည် ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့နံနက် ၉ နာရီတွင်ထားဝယ်မြို့ ထားဝယ်သူနာပြုသင်တန်းကျောင်း Auditorium ခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်သူနာပြုသင်တန်းကျောင်း အပတ်စဉ်(၃၀) ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားတွင် ပြောကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် သူနာပြု၊ သားဖွားများနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးရာတွင် ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လေ့ကျင့်မွေးထုတ်လျက်ရှိကြောင်း၊ သူနာပြုနှင့် သားဖွားဒီပလိုမာသင်တန်းကျောင်းကိုလည်း ကျောင်း ၅၀ အထိ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားနှင့်ဆက်သွယ်အကူအညီယူပြီး အဆင့်မြင့်သူနာပြုအတတ်ပညာများကို ထပ်လောင်းသင်ကြား ပေးလျက်ရှိကြောင်း၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်းအတတ်ပညာရပ်ဖြစ်သော သူနာပြုပညာရပ်ကို မွန်မြတ်သောလုပ်ငန်းအဖြစ် ရေရှည်အောင်မြင်စေရန်အတွက် အထူးအလေးထားကြိုးစား ဆောင်ရွက်ကြရန်နှင့် ဖလော့ရင့် နိုက်တင်ဂေးကဲ့သို့ သူနာပြုများ များစွာပေါ်ထွန်းလာပါစေကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အပတ်စဉ် (၃၀) သင်တန်းသားသင်တန်းသူ ၄၆ ဦးအား ဂျူတီကုတ်အင်္ကျီနှင့် ဦးဆောင်း အပ်နှင်းခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က (ပထမ၊ ဒုတိယ၊ တတိယ) ပညာရည်ချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ် သင်တန်းအမှတ်စဉ်(၁၂၈)နှင့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၉) သင်တန်းဖွင့်ပွဲများ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၂၈) နှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၉)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် Online Learning System ဖြင့် ကျင်းပသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဖွင့်ပွဲများသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အရာထမ်းငယ် သင်တန်းအမှတ်စဉ်(၁၂၈)သို့ သင်တန်းသား ၁၈၄ ဦး၊ သင်တန်းသူ ၂၁၄ ဦး စုစုပေါင်း ၃၉၈ ဦး တက်ရောက်ကြပြီး စက်တင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ In-House Learning ဖြင့် လည်းကောင်း သင်ကြားပို့ချသွားမည်ဖြစ်သည်။

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၁၉)သို့ သင်တန်းသား ၉၁ ဦး၊ သင်တန်းသူ ၁၀၁ ဦး စုစုပေါင်း ၁၉၂ ဦး တက်ရောက်ကြပြီး စက်တင်ဘာ ၂၅ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၅ ရက်အထိ In-House Learning ဖြင့် လည်းကောင်း သင်ကြားပို့ချသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ သီးနှံအခြေခံ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ(ဖျော်ရည်)သင်တန်း ဖွင့်လှစ်

**သထုံ စက်တင်ဘာ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် သီးနှံအခြေခံ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ(ဖျော်ရည်)သင်တန်းကို ယနေ့နံနက်ပိုင်းက ဇာကဒွန်းကျေးရွာရှိ မဂဒူးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်အေးက ယခုသင်တန်းသည် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၏ "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း"တွင်ပါဝင်သည့် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာစေရေး ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းဖြစ်ကြောင်း ရှင်းလင်းအမှာစကားပြောကြားပြီး သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၅ ဦးတို့တက်ရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများက ဈေးကွက်ဝင်သီးနှံအခြေခံဖျော်ရည် ထုတ်လုပ်နည်းများကို စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းပြီးစီးပါက လုပ်ငန်းထူထောင်လိုသူ ငါးဦးကို စိစစ်ရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသည့် ဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပေါက်ခေါင်းမြို့နယ် အထက(ဓမ္မသော်)၌ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ပေါက်ခေါင်း စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အထက(ဓမ္မသော်) ကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၃ ရက် ညနေပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ဓမ္မသော်)အားကစားကွင်း၌ ကျင်းပသည်။



**အနိုင်ရဗိုလ်စွဲ**

အဆိုပါ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် အထက(ဓမ္မသော်)မှ ဘုရင့်နောင်၊ ကျန်စစ်သား၊ အလောင်းဘုရား၊ အနော်ရထာနှင့် ဗန္ဓုလ ဘောလုံးအသင်း ငါးသင်းမှ အုပ်စုပတ်လည်ပွဲစဉ်အဖြစ် စက်တင်ဘာ ၉ ရက်က စတင်ကျင်းပရာ စက်တင်ဘာ ၂၃ ရက်က အုပ်စုပထမရသည့် ဘုရင့်နောင်အသင်းနှင့် အုပ်စုဒုတိယရသည့် ဗန္ဓုလအသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဘုရင့်နောင်အသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပေးအပ်ပွဲကိုကျင်းပရာ ပထမဆုရရှိသည့် ဘုရင့်နောင်အသင်းအား တံခွန်စိုက် ဆုဖလားကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဗန္ဓုလအသင်းအား ဆုဖလားနှင့် ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းအကောင်းဆုံး ကစားသမားဆုများ၊ အသန့်ရှင်းဆုံး ကစားသမားဆုနှင့် ဂိုးသွင်း အများဆုံးဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

**❂ အာရှအားကစားပြိုင်ပွဲမှ**

အုပ်စု (E) အခြားပွဲတွင် တောင်ကိုရီးယားအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီးတွင် တောင်ကိုရီးယားအသင်းက ခြောက်မှတ်၊ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းက သုံးမှတ်စီရရှိထားကာ ဟောင်ကောင်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**ကိုညီလေး**

**အားကစားမြှင့်တင်**
**စိတ်လန်းရှင်**
**ဆန့်ကျင် မူးယစ်ဆေး**

**○ ကျောဖုံးမှ**

ကာဂျစ္စတန်အသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။ အုပ်စု(C)တွင် နှစ်သင်းသာကျန်ရှိသဖြင့် နှစ်ကျော့ယှဉ်ပြိုင်ကစားပြီး အုပ်စုပထမနေရာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးအုပ်စုတတိယနေရာ လေးသင်းတွင် အုပ်စု(F)မှ အင်ဒိုနီးရှားအသင်း၊ အုပ်စု(D)မှ ကာတာအသင်း၊ အုပ်စု(E)မှ ထိုင်းအသင်းနှင့် အုပ်စု(A)မှ မြန်မာအသင်းတို့ရရှိပြီး ရှုံးထွက်အဆင့် တက်ရောက်ခဲ့သည်။

ရှုံးထွက်အဆင့်တွင် အိမ်ရှင်တရုတ်နှင့် ကာတာ၊ တောင်ကိုရီးယားနှင့် ကာဂျစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ဆော်ဒီအာရေဗျ၊ အီရန်နှင့် ထိုင်း၊ ဟောင်ကောင်နှင့် ပါလက်စတိုင်း၊ ဂျပန်နှင့် မြန်မာ၊ မြောက်ကိုရီးယားနှင့် ဘာရိန်းအသင်းတို့ တွေ့ဆုံနေသည်။ မြန်မာအသင်းနှင့် ဂျပန်အသင်းသည် စက်တင်ဘာ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများနှင့် စီးထွက်မှု

**စစ်ကိုင်း စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်တို့အနက် မုံရွာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် စပါး/ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး ကသာခရိုင်၌ စပါး/ဆန်ဈေးနှုန်း အနည်းငယ် မြင့်တက်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ (တတိယပတ်)တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်)၂၄ပြည်ပါတစ်အိတ်လျှင်ကျပ် ၁၃၀၀၀၀၊ နှံ့စပါး (ရွှေဝါထွန်း) စပါးတင်း၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ နှံ့စပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ နှံ့စပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ညှော်မထ (စပါး) တင်း၁၀၀ လျှင် ကျပ် ၃၂၀၀၀၀၀၊ ညှော်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ငစိန် (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၁၀၀၀၀၀၊ ငစိန် (ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင်ကျပ် ၁၂၀၀၀၀၊ နှံ့စပါး(ဒေသမျိုး)(စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၁၀၀၀၀၀၊ နှံ့စပါး (ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင် အင်းတော်မြို့နယ်မှ မော်ဘီ(၂)(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ မော်ဘီ(၂) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ဆင်းကေရီ(၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၁၅၀၀၀၀၊ ဆင်းကေရီ (၃) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၄၅၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည် ဆန် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ နှံ့စပါး (ဆင်း-၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ နှံ့စပါး(ဆင်း-၃)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ရောမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၂၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်တစ်အိတ် လျှင် ကျပ် ၁၂၅၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀လျှင် ကျပ် ၁၉၀၀၀၀၀၊ မနောသုခ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည် တစ်အိတ် လျှင် ကျပ် ၁၂၄၀၀၀၊ နှံ့စပါး ရွှေဝါထွန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာလ (ဒုတိယပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၇၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉၆၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄၅၀၀ စုစုပေါင်းအိတ်ရေ ၆၂၇၀၀၊ တန်အားဖြင့် ၃၁၃၅ တန် စီးထွက်ခဲ့ပြီး စက်တင်ဘာလ (တတိယပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၁၈၆၀၀၊ မကွေးသို့ အိတ်ရေ ၁၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၅၀၀၀၊ ကချင်သို့ အိတ်ရေ ၅၀၀ စုစုပေါင်းအိတ်ရေ ၅၁၆၀၀၊ တန်အားဖြင့် ၂၅၈၀ စီးထွက်ခဲ့ကြောင်း သိရသည်။



# နှံစားပြောင်းသီးနှံများ အောင်မြင်စွာ စိုက်ပျိုးပြီးစီး

**ကျောက်ဆည် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စားဖိုဆောင်သီးနှံမျိုးစုံ စိုက်ပျိုးသည့်အပြင် ပြောင်းသီးနှံများဖြစ်သည့် နှံစားပြောင်းသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှံစားပြောင်းစိုက်ဧက ၃၁၇၇ ဧကကို အောင်မြင်စွာ စိုက်ပျိုးပြီးဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် နှံစားပြောင်းအများဆုံးစိုက်ပျိုးသောကျေးရွာများမှာ တောင်တော်ကျေးရွာ၊ နောင်ခမ်းကျေးရွာနှင့် ကင်းကျေးရွာများဖြစ်ကြောင်း၊ စိုက်ပျိုးပြီး (၃-၄) လ အကြာတွင် ရိတ်သိမ်းရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးသောနှံစားပြောင်းမျိုးများမှာ ထွက်တိုးနီနှင့် ထွက်တိုးဖြူမျိုးတို့ဖြစ်ကြောင်း၊ ပြောင်းစိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၂၀၀၀၀၀ ကုန်ကျကြောင်း၊ ယခင်နှစ်က နှံစားပြောင်း တစ်ဧကလျှင်ရိတ်သိမ်းခြွေလှေ့ပြီးသည်အထိ ကျပ် ၃၀၀၀၀၀ ကုန်ကျ၍ အထွက်နှုန်းအနေဖြင့် ၃၅ တင်း ထွက်ရှိခဲ့ပြီး ပြောင်းတစ်တင်းကို ကျပ် ၂၂၀၀၀ ဖြင့် ရောင်းချရသဖြင့် အကျိုးအမြတ်အနေဖြင့် ကျပ် ၄၀၀၀၀၀ ခန့် ရရှိခဲ့ကြောင်း၊ နှံစားပြောင်း အနှံဖြတ်ပြီး ကျန်ရှိသောပြောင်းရိုးကို ရောင်းချပါက တစ်ဧကကို ကျပ် ၁၀၀၀၀၀ ရောင်းရကြောင်း၊ နှံစားပြောင်း စိုက်ပျိုးမှုတွင် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များရရှိသဖြင့် နှံစားပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်းနှင့် ယခုနှစ်တွင် နှံစားပြောင်းသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မြဝတီ စက်တင်ဘာ ၂၅**

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်၊ ကြက်သွန်နီ၊ ရေထွက်ပစ္စည်းဖြစ်သည့် ငါးကြင်းစည်ဖောင်း၊ ခုံး၊ ပုစွန်၊ ငါးမြွေထိုး၊ ငါးခွေးလျှာ၊ ငါးပါးလျှပ်၊ ငါးကြင်း (Frozen)၊ ကဏန်းနှင့် CMP ပစ္စည်းများဖြစ်ပြီး ဂေါ်ဖီ၊ ပြောင်း၊ မတ်ပဲ၊ မြေပဲ၊ ချင်း(ခြောက်) နှင့် ကော်ဖီစေ့တို့ကိုလည်း တင်ပို့ခဲ့သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်းနှင့် ကုန်ပစ္စည်း စစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

စက်တင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ အဝတ်အထည်၊ CMP၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်နှင့် စက်အပိုပစ္စည်းများ၊ သစ်သီးမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းတို့ဖြစ်ပြီး တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ယာဉ်ယန္တရားများ၊ ဆိုင်ကယ် အပိုပစ္စည်း၊ စက်ဆီ/ချောဆီ၊ လျှပ်စစ်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆေးဝါးများ၊ ဆေးဖက်ဆိုင်ရာသုံးပစ္စည်းကိရိယာများ၊ ဖိနပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ ဓာတ်မြေဩဇာနှင့် ငါးဖမ်းပစ္စည်းတို့ကို တင်သွင်းခဲ့သည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## ၂၅-၉-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၂၀၀ | | ၁၂၀၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၂၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၂၂၀၀၀ | ၄၂၀၀ | ၉၀၀၀ | ၉၅၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၄၀၀ | ၁၈၅၀၀ | ၄၀၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၅၆၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၁၀၅၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၁၇၅၀၀ | ၃၅၀၀ | ၉၇၀၀ | ၉၂၀၀ | ၅၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၃၀၀ | ၇၀၀၀ | ၃၆၀၀ | ၃၃၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၇၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၁၅၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၇၈၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၇၅၀၀ | ၃၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၆၅၀၀ | ၇၅၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၄၀၀ | | ၁၄၅၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၈၆၀၀ | ၃၅၀၀ | ၂၅၀၀ | ၄၂၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၇၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၅၃၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၂၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၄၀၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၁၃၅၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၅၀ | | ၁၆၀၀၀ | ၄၉၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၁၅၂၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၆၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၁၅၂၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၆၀၀ | ၈၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၃၀၀ | ၁၅၅၀၀ | ၁၁၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် မော်လမြိုင်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် လွိုင်ကော်တွင် ၄၀၀ကျပ်၊ ဘားအံတွင် ၂၀၀ကျပ်၊ ပြည်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ထားဝယ်၊ ပခုက္ကူနှင့် မကွေးတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူနှင့် မကွေးတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်၊ ပခုက္ကူနှင့် မကွေးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ မုံရွာတွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ မော်လမြိုင်တွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ကလေးတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ညှော်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ၁၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံနှင့် မော်လမြိုင်တွင် ၁၀၀ကျပ်၊ မန္တလေးတွင် ၅၅၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ဘားအံနှင့် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ မြိတ်နှင့် စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ မြိတ်နှင့် မန္တလေးတွင် ၁၀၀ကျပ်၊ မကွေးတွင် ၄၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၅၀၀ကျပ်၊ ရန်ကုန်တွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ်၊ စစ်တွေတွင် ၂၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် မကွေးတွင် ၂၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၅၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ကျပ်၊ မကွေးတွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ဘားအံနှင့် မြိတ်တွင် ၁၀၀ကျပ်၊ ရန်ကုန်တွင် ၃၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် မကွေးတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ ကျပ်၊ ရန်ကုန်၊ မကွေး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် မကွေးတွင် ၄၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် မကွေးတွင် ၂၀၀၀ကျပ်၊ နေပြည်တော်တွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် မကွေးတွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၂၅-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၄၉၅။ | သုဓမ္မမဏိဇောတရေ ဦးတင်စိုးနှင့်ဇနီး သုဓမ္မသိင်္ဂီ ဒေါ်နန်းစန္ဒီမိသားစုကောင်းမှု | ၃၁၀၀၀၀၀ |
| ၆၄၉၆။ | ဦးဗိုလ်ငွေးနှင့်ဇနီး ဒေါ်စန်းစန်းအေး မိသားစုကောင်းမှု | ၂၁၀၀၀၀၀ |
| ၆၄၉၇။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် ကျေးဇူးရှင်များအား ရည်စူး၍ ဒေါ်ခင်ဝင်းချစ်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၄၉၈။ | ကွယ်လွန်သူ ဦးဘစီနှင့် ဒေါ်သောင်းစိန်၊ ဦးမောင်လှနှင့် ဒေါ်တင်ရီတို့အားရည်စူး၍ ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်မေမေဦး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၆၄၉၉။ | ကွယ်လွန်သူ ဒေါ်ခင်ကြည်(အမျိုးသမီးကျန်းမာရေးဆရာမ) အားရည်စူး၍ ဦးညွန့်မောင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၅၀၀။ | ဦးတင်ဆောင်နှင့်ဇနီး ဒေါ်ညွန့်ရီ၊ သား၊ သမီး တစ်စုကောင်းမှု | ၃၁၀၀၀၀ |
| ၆၅၀၁။ | ကွယ်လွန်သူ ဦးတင်ကြွယ်အားရည်စူး၍ ဒေါ်အုန်းတင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၅၀၂။ | ဦးတိုင်းရနှင့်ဇနီး ဒေါ်လှမြိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၅၀၃။ | ဦးမောင်ကြီးနှင့်ဇနီး ဒေါ်ခင်ကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၅၀၄။ | ဦးထွန်းဝင်းသန်းနှင့်ဇနီး ဒေါ်နီနီဝင်း၊ (သမီး) မသိမ့်သိမ့်ထွန်း၊ (သား) ကိုအောင်မျိုးကျော် နှင့်ဇနီး ဒေါက်တာအေးကြည်ဖြူထွန်း၊ (မြေး) မသဒ္ဒါဖြူစင် မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၅၀၅။ | ဦးခင်မောင်သက်နှင့်ဇနီး ဒေါက်တာရီစိဝင်း မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၅၀၆။ | ကွယ်လွန်ပြီးကြသောနှစ်ဖက်ဘိုးဘွားများနှင့် မိဘများ ဦးမောင်စိုး၊ ဦးတင်မောင်၊ ဒေါ်သန်းအေးတို့အား ရည်စူး၍ ဦးအောင်ကျော်မိုးနှင့်ဇနီး ဒေါ်ဇင်မာလွင် မိသားစုကောင်းမှု | ၁၅၀၀၀၀ |

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၅၀၇။ | ဦးညီညီလွင်နှင့်ဇနီး ဒေါ်ဖြူသန္တာကျော် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၅၀၈။ | ဗိုလ်ကြီးမောင်အေးအားရည်စူး၍ ဇနီး၊ သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၀၉။ | ဦးမောင်မျိုး(ဒုတိယအရာခံဗိုလ်-ငြိမ်း)နှင့်ဇနီး ဒေါ်သန်းလှ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၀။ | ဦးမြင့်စိုးနှင့်ဇနီး ဒေါ်ထွေးထွေးရီ(ရွှေလင်းယုန်မုန့်တိုက်) မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၅၁၁။ | မိခင်ကြီးဒေါ်သန်းနွယ်(ကွယ်လွန် ၃ နှစ်ပြည့်) ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၂။ | ဦးရွှေသိန်းနှင့်ဇနီး ဒေါ်အေးရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၃။ | ဦးဆောင်းဟန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၄။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်အေးအေးသင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၅။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်မာမာခိုင်၊ (မြေး) မောင်စုတင့်တယ်ထွန်း၊ မမြမြင့်မိုရ်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၆။ | ဦးဝင်းကြည်နှင့်ဇနီး ဒေါ်ကြူကြူလှိုင်၊ (သား) မောင်မြတ်ကောင်းစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၇။ | ဦးလှဆိုင်အားရည်စူး၍ ဒေါ်ငွေးငွေးရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၈။ | ဦးသန်းအောင်နှင့်ဇနီး ဒေါ်ခင်ငွေးရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၁၉။ | ဦးချစ်လှိုင်နှင့်ဇနီး ဒေါ်ဆီဇာ၊ (သမီး) မမြင့်မြတ်ပတ္တမြား မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၂၀။ | ကိုဝင်းမင်းသန်းနှင့်ဇနီး မကြည်ကြည်လှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၂၁။ | ဒေါ်ဖြူဖြူဥမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၂၂။ | ဦးသာဒင်နှင့်ဇနီး ဒေါ်ညွန့်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၂၃။ | ကွယ်လွန်သူ ဦးကြည်အေးအားရည်စူး၍ ဒေါ်စောမေအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၂၄။ | ဒေါ်နန်းမြတ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၅၂၅။ | ကွယ်လွန်သူ ဒေါ်လှကြူအားရည်စူး၍ ဦးတိုးလှိုင်၊ (သမီး) မနွဲ့နွဲ့ရီ၊ မအေးအေးမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၂၆။ | ဒေါ်ဝင်းမေမိသားစုနှင့် တပည့်များကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၂၇။ | ဗိုလ်မှူးနေမျိုးအောင်နှင့်ဇနီး ဒေါ်မျိုးဝင့်ဝင့်ဟန်၊ (သမီး) မနန်းယိမ်းယိမ်းဝဏ္ဏအောင်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၅၂၈။ | ဦးထွန်းဝဏ္ဏနှင့်ဇနီး ဒေါ်ရွှေစင်ဦးမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၅၂၉။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်သိန်းဟန်အားရည်စူး၍ ဗိုလ်မှူးသန်းနိုင်ဦးနှင့်ဇနီး ဒေါ်စိုးစန္ဒာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၀။ | ဦးလှဒင်နှင့်ဇနီး ဒေါ်ခင်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၁။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသန်းအောင်နှင့်ဇနီး ဒေါ်လှလှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၂။ | ဦးလှမျိုးဦးနှင့်ဇနီး ဒေါ်ကြူကြူခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၃။ | ဦးခွန်ဘသောင်းနှင့်ဇနီး ဒေါ်တင်တင်ဦး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၄။ | ဒေါ်သောင်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၅။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးတင်ဦးနှင့်ဇနီး ဒေါ်ခင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၆။ | ဦးထွန်းသိန်းနှင့်ဇနီး ဒေါ်မိချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၇။ | ကွယ်လွန်သူ ဦးထွန်းမောင်အားရည်စူး၍ ဇနီး ဒေါ်ခင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၈။ | ကွယ်လွန်သူ ဒေါ်ကြည်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၃၉။ | ဦးသိန်းဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၄၀။ | ဦးအောင်ကျော်မိုးနှင့်ဇနီး ဒေါ်လွင်လွင်မာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၄၁။ | ဒေါ်အေးအေးမြင့်အားရည်စူး၍ ဦးကျော်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၄၂။ | ဦးဇော်မြင့်ဦးနှင့်ဇနီး ဒေါ်ကေသီနိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၄၃။ | ဒေါ်ခင်ခင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၀၄၇၈)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဦးကျော်ကျော် (ဘ)ဦးစိန်ဝင်း[၁၂/မရက(နိုင်)၁၅၁၂၂၈]အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးကျော်ကျော်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲအပ်စာအမှတ်(၃၈၉၀/၂၀၂၂)(၂၅-၈-၂၀၂၂)ရရှိထားသူ ဒေါ်ခင်မာကြည်(ဘ)ဦးအုန်းလွင်မှ ဒေါ်သူဇာနိုင်(ဘ) ဦးနိုင်ဝင်း [၇/ပခန(နိုင်)၃၂၇၁၀၆]နှင့် အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဦးဝေယံမင်းမြတ် [၇/ပမန(နိုင်) ၂၂၈၅၇၂] ကိုင်ဆောင်သော နိုင်ငံကူး လက်မှတ်အမှတ် (MH 165126) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-756807441**

## အများသိစေရန် ကြေညာခြင်း

ကျွန်တော်များ Royal Palace Worthy Services Co., Ltd တွင် မတည်ရင်းနှီးငွေလျှော့ချခြင်းအား အတည်ပြုမည့် အစည်းအဝေး ကျင်းပရန် ရည်ရွယ်ကြောင်း ကြေညာအပ်ပါသည်။

**Royal Palace Worthy Services Co., Ltd**

MCB Myanmar Citizens Bank

## အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ်အတွက် (၃၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကြီးကို မကြာမီကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးအား ဘဏ်၏ သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ တည်ဆဲသင်းဖွဲ့စည်းမျဉ်းအရ ဒါရိုက်တာများ အလှည့်ကျ နုတ်ထွက်မည်ဖြစ်ပြီး နုတ်ထွက်သွား၍ လစ်လပ်သွားသော ဒါရိုက်တာများ နေရာတွင် အစားထိုးပြန်လည် ရွေးချယ်ရမည်ဖြစ်ပါသည်။

၂။ ပြန်လည်ရွေးချယ်ခံမည့် ဒါရိုက်တာအဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေးမကျင်းပမီ ကြိုတင်ပေးပို့တင်ပြရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများဘဏ်တွင် စာရင်းဆက်လက် တည်ရှိနေသော ရှယ်ယာရှင် (Special Account Holder) နှင့် Yangon Stock Exchange (YSX) တွင် အရောင်းအဝယ်ပြုလုပ်ရန် စာရင်းဖွင့်ထားသူများ (Security Account Holder) များအနက် မြန်မာနိုင်ငံသားများဘဏ် ဒါရိုက်တာအဖွဲ့မှ သတ်မှတ်ထားသော (၄–၁၀–၂၀၂၃)ရက်နေ့ အစုရှယ်ယာ ပိတ်သိမ်းချိန်တွင် ကျပ် ၅,၀၀၀,၀၀၀/– (ကျပ်သိန်းငါးဆယ်)နှင့်အထက် ပိုင်ဆိုင်သူရှယ်ယာရှင် လူပုဂ္ဂိုလ်များနှင့် ကျပ် ၁၀,၀၀၀,၀၀၀/– (ကျပ်သိန်းတစ်ရာ)နှင့်အထက် ပိုင်ဆိုင်ထားသော အဖွဲ့အစည်း/ကုမ္ပဏီများအနေဖြင့် ဒါရိုက်တာအဖြစ် ဝင်ရောက်အရွေးခံလိုပါက (၉–၁၀–၂၀၂၃)ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်၍ အဆိုပြုလွှာ လျှောက်ထားပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့် ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအခန်း (၁၀)ပုဒ်မ (၇၆)ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) မှ (၈)အထိ ဖော်ပြထားသည့် အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

၄။ အဆိုပြုလွှာဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓာတ်ပုံ (၁)ပုံနှင့် အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထားများ တစ်ပါတည်းယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်အချိန်နှင့် နေရာကို ထပ်မံကြေညာမည်ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့် အချက်များရှိပါက စီမံဌာန ၀၁–၈၃၈၆၀၂၃၊ ၀၁– ၈၃၈၆၀၂၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးစလမ်း၊ အမှတ် (၆၃၆) ဟုခေါ်တွင်သော မြေချပါမစ်မြေကွက်အား **ဒေါ်နန့်လူးလူသန်း(ခ)ဒေါ်နန့်လူးလူ** အမည်ဖြင့် ဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နွယ်နီမေဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၇၂၉၇)**
**အမှတ် (၈၃)၊ အခန်း– ၁၄ (A)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၉၅၅၉၇၀၂၈**

---

## အမည်မှန်

အဖ ဦးဇော်လင်း၏ သမီး မြစ်ကြီးနားမြို့၊ အမက–၁၉ (မူလွန်)ကျောင်း၊ Grade–4 မှ မအိရွှေဇင်လင်း၏ အမည်မှန်မှာ မအိရွှေစင်လင်း ဖြစ်ပါသည်။

---

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ ၂၀၂၂–၂၀၂၃ ပညာသင်နှစ်၊ စာစစ်ဌာန– အထက(၁)တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ခုံအမှတ် (ကည–၅၇၀)ဖြင့် ဖြေဆိုခဲ့သည့် မ–မရန်မျိုးစောမ်ရာ [၁/မကန (နိုင်) ၂၉၀၃၁၅]၏ဖခင် ဦးမရန်ဘရန်ဂျာ၏ အမည်မှန်မှာ ဦးမရန်ဘရန်ရာ [၁/မညန(နိုင်) ၀၇၆၅၅၈] ဖြစ်ပါသည်။

---

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ– ၃၇၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**
**၂၀၂၃ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ် – ၇၆**
**ကွယ်လွန်သူ ဦးသန်းဌေးဇော်၏**
**ကျန်ရစ်သည့်ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ဒေါ်မိုးမိုးသူ ------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး/မြောက်ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် (၅၆၉/က–ခ)နေ ဒေါ်မိုးမိုးသူက ကွယ်လွန်သူ ဦးသန်းဌေးဇော်၏ ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ၊ ၎င်းကွယ်လွန်သူ ဦးသန်းဌေးဇော်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသန်းဌေးဇော်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ် ၊ အောက်တိုဘာလ (၁၁) ရက်နေ့ [၁၃၈၅ ခုနှစ်၊ တော်သလင်းလဆုတ် (၁၂) ရက်နေ့] နံနက် (၁၀:၀၀) နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်မိုးမိုးသူ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

---

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–ရျ၊မြေကွက်အမှတ်–၄၈၂/က၁၂၀၀၈/ပေ၊မြေကွက်တည်နေရာအမှတ်(၄၈၂/က)၊ဧရာ(၂)လမ်း၊(ရျ)ရပ်ကွက်၊ဒေါ်သန်းသန်းရှင်(၁၂/ဥကမ(နိုင်)၀၆၂၁၃၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်–ဒေါ်သန်းသန်းရှင်ကိုယ်တိုင်မှဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ်ဌာနလုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ဆောင်ရွက်၍ကန့်ကွက်သူမရှိသောကြောင့်အမှုတွဲအမှတ်–မဥ/ဂရ(မိတ္တူ)200/2023(၃၀–၃–၂၀၂၃)ဖြင့်ဂရန်(မိတ္တူမှန်)လျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါသဖြင့်မြို့မြေစာရင်းတွင်မြေငှားစာချုပ်အမှတ်မဥ/ရျ–၅၁၉ဖြင့်ထုတ်ပေးထားသည့်မူရင်းဂရန်ကိုပယ်ဖျက်ပြီးဖြစ်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)
## အခွန်အယူခံခုံအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
**၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်**
**( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ အခွန်အယူခံခုံအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

| စဉ် | ရာထူး / လစာနှုန်းကျပ် | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) | (၂) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |
| ( ခ ) | အငယ်တန်းစာရေး (၁၈၀,၀၀၀–၂,၀၀၀–၁၉၀,၀၀၀) | (၃) နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ |
| ( ဂ ) | စာရင်းကိုင်–၄ (၁၈၀,၀၀၀–၂,၀၀၀–၁၉၀,၀၀၀) | (၁) နေရာ | တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |
| (ဃ) | သန့်ရှင်းရေးအကူ (၁၄၄,၀၀၀–၂,၀၀၀–၁၅၄,၀၀၀) | (၂) နေရာ | မြန်မာစာ ရေး/ဖတ်တတ်ရမည်။ |

၂။ လျှောက်ထားသူများသည် –
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
( ခ ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
( ဂ ) အမှတ်စဉ် (က)မှ (ဂ) အထိ ရာထူးနေရာများအတွက် ကွန်ပျူတာဘွဲ့၊ စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့နှင့် အင်္ဂလိပ်စာဘွဲ့ ရရှိသူများကို ဦးစားပေးခန့်ထားမည်။ (၃၀–၉–၂၀၂၃) ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်သူဖြစ်ပြီး၊ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်းဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်နိုင်သူ ဖြစ်ရပါမည်။
(ဃ) အမှတ်စဉ်(ဃ) လျှောက်ထားသူသည် (၃၀–၉–၂၀၂၃)ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
( င ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
( စ ) ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။
(ဆ) လာရောက်လျှောက်ထားသူများသည် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ မဖြစ်စေရ။ (ယခင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက (သို့မဟုတ်)ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပူးတွဲတင်ပြရမည်။)

၃။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများကို Myanmar National Portal အခွန်အယူခံ ခုံအဖွဲ့ရုံးနှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page တို့တွင် Download ရယူပြီး လျှောက်လွှာနှင့် အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာတင်ပြရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ် (၅၇)၊ နေပြည်တော်သို့လိပ်မူ၍ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် (၂၆–၁၀–၂၀၂၃) ရက်နေ့တွင် လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း နောက်ဆုံးထားပေးပို့ လျှောက်ထားရမည်။

၅။ အရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အမှတ်စဉ် (က) မှ (ဂ) အထိ ရာထူးနေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး၊ ရေးဖြေအောင်မြင်သူများကို လူတွေ့နှင့် ကွန်ပျူတာစစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အမှတ်စဉ်(ဃ) ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲကျင်းပပြုလုပ်မည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို Myanmar National Portal အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အခွန်အယူခံခုံအဖွဲ့ Facebook Page နှင့် ရုံးအမှတ်(၅၇) ကြော်ငြာသင်ပုန်းတွင် ကြေညာပေးသွားမည် ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အခွန်အယူခံခုံအဖွဲ့ရုံး၊ စီမံ၊ ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ဖုန်း ၀၆၇၃–၄၃၀၀၄၅ ၊ ၀၆၇၃–၄၃၀၀၄၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အခွန်အယူခံခုံအဖွဲ့ရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ် (T2)၊ အခန်းအမှတ် (၇၀၂)၊ အကျယ်အဝန်း (၁၂၀၀)စတုရန်းပေခန့်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဦးနေလင်းဇင် [၁၄/မမန(နိုင်)၁၄၅၅၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေမျိုးထွန်း [၁၂/ဒဂန(နိုင်)၀၀၁၇၃၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင် LL.B, LL.M, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၆၇)**
**အမှတ် (၉၇၇)၊ အင်း၀(၈)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–880888317, 09–692214348**

---

## မြန်မာနိုင်ငံစာရင်းကောင်စီ
## လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)
## သင်တန်းအမှတ်စဉ် ၄၈
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ် ၄၈ ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့)နှင့် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း (ရုံးအမှတ် ၁၂၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်) တို့၌ ၂၀၂၄ ခုနှစ် မတ်လတွင် ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း (တစ်နှစ်)၊ ဒုတိယပိုင်း (တစ်နှစ်) ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံစာရင်းကောင်စီက အသိအမှတ်ပြုဖွင့်လှစ်ခွင့်ပြုထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင်လည်း တက်ရောက်နိုင်ပါသည်။ ထို့အပြင် ကိုယ်တိုင် လေ့လာသင်ယူ၍ ဆိုင်ရာစာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

၃။ လက်မှတ်ရပြည်သူ့စာရင်းကိုင်ဆိုင်ရာ သင်တန်းသတ်မှတ်ချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၅–၁–၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ နှင့် မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့်လှစ်မည့်သင်တန်းများ၏ စာမေးပွဲများကို Module အလိုက် ဖြေဆိုခွင့်ပြုခြင်းကို ၂၉–၉–၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၂၀ ဖြင့် ထုတ်ပြန်ထားပါသည်။ ထိုအမိန့်ကြော်ငြာစာကို https://www.oagmac.gov.mm/my/mac-announcement အောက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းသို့ တက်ရောက်ခွင့် လျှောက်ထားသူများအား သင်တန်းကျောင်း၏ လက်ခံနိုင်သည့်ပမာဏပေါ် အခြေခံ၍ အောက်ပါဦးစားပေးအစီအစဉ်အတိုင်း လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်–
(က) သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် တက်ရောက်မည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အစိုးရဌာနအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများ
(ခ) တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများအနက် အဆင့်မြင့်အောင်မြင်သူများ
(ဂ) ဝင်ခွင့်စာမေးပွဲတွင် အဆင့်မြင့်အောင်မြင်သူများ

၅။ ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် တက်ရောက်မည့်သူများသည် ရုံးဖွင့်ရက်များတွင် နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီအထိလည်းကောင်း၊ စနေနေ့တွင် နံနက် ၇:၀၀ နာရီမှ ၁၁:၅၀ နာရီအထိလည်းကောင်း သင်တန်းတက်ရောက်ရမည်။

၆။ သင်တန်းသို့ အောက်ပါပုဂ္ဂိုလ်များအား တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်–
(က) စီးပွားရေးတက္ကသိုလ်များက ကျင်းပခဲ့သည့် B.Com, B.Act, B.B.A ဘွဲ့စာမေးပွဲ အောင်မြင်သူများ သို့မဟုတ်
(ခ) သမဝါယမတက္ကသိုလ်များက ကျင်းပခဲ့သည့် B.BSc(Accounting and Finance) ဘွဲ့ စာမေးပွဲအောင်မြင်သူများ သို့မဟုတ်
(ဂ) မြန်မာနိုင်ငံစာရင်းကောင်စီက ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများ သို့မဟုတ်
(ဃ) ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamental Skills Level ပြီးစီးသူများ သို့မဟုတ်
(င) ဘွဲ့တစ်ခုခုရရှိပြီး CIMA Diploma in Management Accounting ရရှိပြီးသူများ

၇။ အသိအမှတ်ပြုဘွဲ့တစ်ခုခုရသူ နိုင်ငံသားများကို ဝင်ခွင့်စာမေးပွဲကျင်းပ၍ သင်တန်းသားအဖြစ် ရွေးချယ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲကို ၅–၁၁–၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပပါမည်။ စာမေးပွဲကျင်းပမည့်နေရာကို အပိုဒ် ၁၂ ပါ ဖြေဆိုခွင့်ကတ်ပြားတွင် ဖော်ပြထားပါမည်။

၉။ ဝင်ခွင့်စာမေးပွဲတွင် Financial Accounting, Cost & Management Accounting နှင့် Auditing ဘာသာရပ်များပါဝင်သည့် ၂ နာရီမေးခွန်းလွှာတစ်ခုကို ဖြေဆိုရပါမည်။

၁၀။ သင်တန်းတက်ရောက်လိုသည့် တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများနှင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၅–၉–၂၀၂၃ ရက်နေ့မှ ၁၃–၁၀–၂၀၂၃ ရက်နေ့အတွင်း ရုံးဖွင့်ရက်များ၌ နံနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁,၀၀၀ ဖြင့် ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်–
(က) စာမေးပွဲကြေး ကျပ် ၁၀,၀၀၀ ပေးသွင်းထားသည့်ငွေရပြေစာ (ဝင်ခွင့်စာမေးပွဲဖြေဆိုရမည့်သူများ)
(ခ) ဘွဲ့လက်မှတ် (သို့မဟုတ်) ဘွဲ့ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)
(ဂ) ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) စာမေးပွဲအောင်လက်မှတ် (မူရင်းနှင့် မိတ္တူ)
(ဃ) အထက်အပိုဒ် ၆(ဃ)နှင့် (င)ပါ ပုဂ္ဂိုလ်များအတွက် ဆိုင်ရာပညာအရည်အချင်းအောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)
(င) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ) (၁၈ နှစ်ပြည့်လဲလှယ်ပြီး)
(စ) တစ်လအတွင်းရိုက်ထားသည့် ၁'' x ၁'' အရွယ် ဓာတ်ပုံ ၃ ပုံ
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက် (ကောင်စီက ဖွင့်လှစ်သည့်သင်တန်းကျောင်းတွင် တက်ရောက်မည့်သူများသာ)


၁၁။ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာပါ (အမည်၊ ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်)များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားပါဖော်ပြချက်များနှင့် ကိုက်ညီရမည်။ ဘွဲ့နှင်းသဘင်မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ်မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်ကို **မပျက်မကွက်**တင်ပြရမည်။ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရှိသူများစာရင်းကို ၃၁–၁၀–၂၀၂၃ရက်တွင် https://www.oagmac. gov.mm/my/mac-announcement တွင် ကြေညာထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၁–၁၁–၂၀၂၃ ရက်မှ ၃–၁၁–၂၀၂၃ ရက်အတွင်း ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း အပိုဒ်(၁၀)ပါလိပ်စာတွင် ထုတ်ပေးပါမည်။ စာမေးပွဲဖြေဆိုမည့်နေ့တွင် (လုံးဝ) ထုတ်ပေးမည်မဟုတ်ပါ။

၁၃။ တက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းများကို ၁၂–၁–၂၀၂၄ ရက်နေ့ မတိုင်မီ အပိုဒ်(၁၂)ပါ Website Link တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၁၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်းအမှတ် ၀၁–၈၂၂၇၂၄၆၊ ၀၉–၇၉၆၉၇၉၉၂၈ ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**




## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုပညာပေးရေးဌာနခွဲ
## ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)
## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း
## (စနေ၊ တနင်္ဂနွေ) (အမှတ်စဉ်-၈)
## သင်တန်းသားများခေါ်ယူခြင်း

| | | |
|---|---|---|
| (က) | သင်တန်းကာလ | - ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ စတုတ္ထပတ်မှ (၄)လ ကြာသင်တန်း |
| (ခ) | သင်ကြားမည့်နေ့ရက်များ | - ရက်သတ္တပတ်တွင် (၂)ရက် (စနေ၊တနင်္ဂနွေ) |
| (ဂ) | သင်တန်းအချိန် | - နံနက် ၉ : ၀၀ နာရီမှ ၁၂:၀၀ နာရီထိ |
| (ဃ) | သင်တန်းသားဦးရေ | - (၇၀)ဦးမှ (၉၀)ဦးထိ |
| (င) | သင်တန်းတည်နေရာ | - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| (စ) | သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ပါရှိရမည့် စာရွက်စာတမ်းများ | - ဓာတ်ပုံ ၁လက်မပတ်လည် (၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အထက်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ။ |
| (ဆ) | ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၁-၂၅၀၈၇၁၊ ၀၁- ၃၇၈၇၉၈ |

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်)တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းရန်ဖြစ်ပါသည်။

**ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁) ရပ်ကွက်၊ ရန်ကင်းလမ်းမကြီး၊ Golden City Condominium ဟုခေါ်တွင်သည့် စတုရန်းဧရိယာ (၁၇၃၉) ပေရှိ တိုက်အမှတ် (B/2)၊ အခန်းအမှတ် (၂၅-၀၁) အမည်ရှိ ကွန်ဒိုတိုက်ခန်းနှင့် စွဲကပ်တပ်ဆင်ထားသော ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** အမည်ပေါက်ပိုင်ရှင် **ဦးကျော်ဝင်း [၁၂/ဗတထ(နိုင်)၀၂၉၉၉၈]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၇၈၂၀/၂၀၁၂ ရရှိထားသူ ဦးဇော်လွင်ဦး [၁၃/တကန(နိုင်)၀၁၀၅၉၂]**မှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအား လက်ဝယ်ရှိပိုင်ဆိုင်သူ ရောင်းသူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မိစန္ဒီမင်းညဏ် [၁၂/ပဇတ(နိုင်)၀၃၁၇၉၈]မှ ဝယ်ယူရန် အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၅၁၄)၊ စစ်တောင်းလမ်း၊ (၇၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ မြေကွက် အမှတ် (၅၁၄)၊ ဧရိယာ (၄၀'x၆၀') အကျယ်အဝန်းရှိ ပါမစ်မြေသည် ဦးကြည်ညွှန့် [၁၂/လသန(နိုင်)၀၁၂၉၄၄] အမည်ပေါက်ဖြစ်ပြီး၊ မြေအမည်ပေါက်ထံမှ ဦးထွန်းကြိုင် [၈/မမန(နိုင်)၁၅၉၆၇၁]က အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းဝန်ခံလျက်၊ အဆိုပါမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာ သည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက် အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ (စဉ်-၇၁၂၄)　　ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ စံချိန်သစ်လမ်းမကြီး၊ ခြံအမှတ်-၄၃၊ မြေကွက်အမှတ်-၂၁၊ မြေဧရိယာ (၅၀)ပေx (၆၁)ပေ မြေကွက် ပေါ်တွင် (၂)ခန်းတွဲ (၆)ထပ်တိုက် (၂)လုံးဆောက်လုပ်ရန် "မြေရှင်နှင့် ကန်ထရိုက်တာ နှစ်ဦးသဘောတူ (၂)ခန်းတွဲ (၆)ထပ်တိုက် ဆောက်လုပ်ရန် ကတိစာချုပ်"အရ ထိပ်တန်းဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးလှအေးက လုပ်ငန်းများဆောင်ရွက်လျက်ရှိနေရာမှ (၃၁-၇-၂၀၂၃)ရက်နေ့တွင် ဦးလှအေး သည် ရုတ်တရက် ကွယ်လွန်သွားပါသည်။

သို့အတွက် သမီးဖြစ်သူ ဒေါ်အေးသူဇာမိုးမှ ဖခင်၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသည့်အလျောက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်မှု ပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ယင်းလုပ်ငန်းနှင့်ပတ်သက်သူများ အခန်းကြိုပွဲငွေ့ဝယ်ယူထားသူ များနှင့် ယင်းဆောက်လုပ်ရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ လက်ဝယ်ရှိသူများအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှအေး၏သမီး ဒေါ်အေးသူဇာမိုး [၁၂/တမန(နိုင်)၁၁၉၇၂၄]၊ အမှတ်(၆)၊ ၅ လွှာ၊ (၁၃၇)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ ဖြစ်စေ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက် တင်ပြပေးအပ်ကြရန်ဖြစ်ပါသည်။

(၁၄)ရက်ကျော်လွန်ပါက မည်သည့်တင်ပြတောင်းဆိုချက်များကိုမျှ လက်ခံ စဉ်းစား ဆောင်ရွက်ပေးတော့မည်မဟုတ်ပါကြောင်း ထပ်လောင်းအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**မန်းမိုက်ကယ်(လ်)တင်**
**LL.B,E/ Mate (F.G), EL(G.I)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၁၂/၈၄)**
**အမှတ်(၄၀၅)၊ တက္ကသီလာလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-31379766**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)၊ နီလာ (၃)လမ်း၊ မြေကွက်အမှတ် (၆၀၁)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် (၆-ဆ) နေ ဦးမြင့်သိန်း [၁၂/စခန(နိုင်)၀၄၉၅၁၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅)၊ နီလာ (၃)လမ်း၊ မြေကွက်အမှတ် (၆၀၁) ဟုခေါ်တွင်သော ဒေါ်သက်ရီ (AB-၀၄၉၇၃၁) အမည်ပေါက် ပါမစ်မြေအမျိုးအစား (၄၀x၆၀)ပေ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သိန်း [၁၂/စခန(နိုင်)၀၄၉၅၁၈]မှ မူရင်းအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သက်ရီထံမှ (၁၆-၉-၁၉၉၂)ရက်နေ့တွင် ဥပဒေ နှင့်အညီ တရားဝင်စာချုပ်စာတမ်းများဖြင့် ဝယ်ယူ၍ လက်ဝယ်ရယူပိုင်ဆိုင်ခဲ့ သည်မှာ နှစ်ပေါင်း (၃၁)နှစ်ခန့် ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ယင်းမြေကွက်ကို ဒေါ်သက်ရီထံမှ ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီးနောက် ယနေ့တိုင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ စွန့်လွှတ်ခြင်း၊ ရောင်းချထားခြင်း မရှိခဲ့ပါ။

ယခုအခါ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော မြေကွက်အတွင်းသို့ ကျွန်ုပ် မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ကျူးကျော်၍ ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ဆိုင်ခွင့်ကို ထိပါးလာသူများအနေဖြင့် ယနေ့ကြေညာပါသည့်နေ့မှ (၇)ရက် အတွင်း ဖယ်ရှားဖြုတ်သိမ်းပေးပါရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်သူများကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းနီလာချစ်ဆွေ (LLB, D.BL, D.IL, D.IPL) အထက်တန်းရှေ့နေ(စဉ်-၃၉၅၆၁)**
**ဒေါ်ယွန်းသန္တာအောင် (L.L.B) အထက်တန်းရှေ့နေ (စဉ်-၄၈၁၂၇)**
**အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (စီ-၁၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၅၅၄၉၁၂၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး(တ)၊ လူနေရပ်ကွက်အမှတ်- ကြီးပွားရေး(တ)၊ အောင်မာဃလမ်း၊ မြေကွက်အမှတ် ၂၈၇/ ခ(တ) အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဒေါ်သန်းသန်းရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင် လက်ရှိထားပိုင်ဆိုင်သူမှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖွန်မေဒေး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၂) ကျောင်း၊ Grade-9(B)တွင် တက်ရောက် ပညာသင်ကြားနေသော မကြည်နူးစံ၏ ဖခင်အမည်မှန်မှာ စိုင်းဇော်သန်း [၁၀/သထန (နိုင်) ၁၆၂၉၉၀] ဖြစ်ပါကြောင်း။

**စိုင်းဇော်သန်း**
**[၁၀/သထန(နိုင်)၁၆၂၉၉၀]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၁၄၃/ခ)၊ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ်(၁၄၃/ခ)၊ ဇီဇဝါ(၂)လမ်း၊ (၂)ရပ်ကွက်၊ ဒေါ်စန်းကြည် (အက်စ်အန်-၁၈၅၉၃၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်စန်းကြည် (မိခင်)သည် (၁၁-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဦးအောင်ထိန်(ဖခင်)သည် (၂၆-၁၂-၁၉၉၉)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်မြတ်မြတ်ခိုင် [၁၂/ဥကမ(နိုင်)၁၇၇၅၀၉]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၄၇၆/၂၀၂၂/၁၉-၉-၂၀၂၂) ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှ (၃၁-၈-၂၀၂၂)ရက်စွဲဖြင့် ဦးအောင်ထိန်(ဖခင်)၏ သေစာရင်းမှတ်တမ်းမှာ ယင်းရုံးရှိ စာရင်းဌာနတွင် ရှာဖွေမတွေ့ရှိသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း အကြောင်းပြန်ကြားစာ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဂရန်(မူရင်း)တို့တင်ပြ၍ ၎င်းထံမှ G.P ရရှိသူ ဦးမြင့်လှိုင်ဦး [၁၂/ဥကမ(နိုင်)၀၉၆၀၁၀]မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ ၂၀၀၀ ခုနှစ် ဘဏ်ချေးမြေပုံထုတ်ယူထားခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ (၂၁-၁၂-၂၀၂၂)ရက်စွဲဖြင့် ယင်းဘဏ်ချေးမြေပုံသည် နှစ်ကာလကြာမြင့်၍ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်တင်ပြနိုင်မှု မရှိကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်း မရှိပါကြောင်းနှင့် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာတို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/အရှေ့၊ မြေကွက်အမှတ် ၇၈၄/က၊ ဧရိယာ ၂၀ပေx ၆၀ပေ၊ မြေကွက် တည်နေရာအမှတ် (၇၈၄/က)၊ အောင်သုခလမ်း၊ ၆/အရှေ့ ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှဝင်း [၁၂/ သကတ(နိုင်)၀၁၆၄၀၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေအား အမည်ပေါက် ဦးလှဝင်း [၁၂/သကတ (နိုင်)၀၁၆၄၀၉] (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်နွဲ့နွဲ့ဝင်း [၁၂/သကတ(နိုင်) ၀၁၃၇၀၉]မှ ကွယ်လွန်သူ ခင်ပွန်း ဦးလှဝင်းတွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်း သာရှိပြီး အခြားသော ဇနီး/မယား တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျန်ရစ်သူတစ်ဦးတည်း ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်း ဆိုင်ရာ တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်းနှင့် အခြား အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ မြေခွန်ပြေစာ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဦးလှဝင်း၏ သေဆုံးမှု လက်မှတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀/မြို့မမြောက်ရပ်ရှိ မြေကွက်အမှတ် (ပ-၃၃၆၈၉)ကို အမည်ပေါက် ဦးပြုံးရီ (ဘ) ဦးအုန်းကျော် မှတ်ပုံတင်အမှတ် [၁၂/စခန(နိုင်)၀၀၄၇၂၃] (တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေး ဦးကျော်ဆန်းဦး (ဘ) ဦးသံချောင်း မှတ်ပုံတင်အမှတ် [၉/တကန(နိုင်)၁၀၃၉၂၄]မှ မြေငှားစာချုပ်တွင် လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုးထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှု အမှတ် ၃၃/၂၀၂၂၊ တရားမဇာရီမှုအမှတ် ၁၆/၂၀၂၃၊ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်း၊ မြေပေးစလစ်(မူရင်း) လူနေအိမ်ဆောက်လုပ်ပြီးစီးကြောင်း ထောက်ခံစာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/တောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၁၃)၊ (၆လွှာ/B) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း နှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ကြည်ကြည်ထွေး [၁၂/လသန(နိုင်)၀၀၂၃၄၄] ကိုင်ဆောင်သူက မိမိသာလျှင် တရားဝင်ပိုင်ဆိုင် ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြား သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ဝေယံဝင်း (ခ) ဦးထက်ဝေယံမင်း [၉/ ခအဇ(နိုင်)၀၀၇၉၀၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုဆိုင်ရာစာချုပ်စာတမ်း(မူရင်း) အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက ဤတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးနိုင်ဝင်း(LL.B ) (အထက်တန်းရှေ့နေ) (စဉ်- ၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆လွှာ)၊ စမ်းချောင်းလမ်း၊ (စမ်း/မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 09-260610133**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၄)၊ လူနေရပ်ကွက်အမှတ် (စိုက်ပျိုးရေးနှင့်မွေးမြူရေး အမှတ်-၁၊ လေးထောင့်ကန်)၊ မြေကွက်အမှတ် (၉၁)၊ အကျယ်အဝန်း (၈၀x၁၂၀)ပေ၊ ဧရိယာ (၀.၂၂၀ ဧကေ) (၉၆၀၀ စတုရန်းပေ) နှစ်(၆၀)ဂရန်မြေပေါ်ရှိ ဦးလှရွှေ (TCK-၀၀၃၂၈၂) အမည်ပေါက်ထံမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ ခြေရင်းခြမ်း (မင်းရဲကျော်စွာလမ်းမကြီးနှင့် ကပ်လျက်ရှိသော အခြမ်း- ထောင့်ကွက်) အလျား ၄၀ x အနံ ၁၂၀ ပေ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ခြံအမှတ် (၉၁/ခ)၊ ဆင်ဖြူရှင်လမ်း (စိုက်/မွေး ၁/၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအုန်းမြင့် [၁၂/သဃက(နိုင်)၀၇၅၁၀၆] (TGKN-005656)က မြေအမည်ပေါက် ဦးလှရွှေထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ၎င်းတရားဝင် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက် စာတမ်း(မူရင်း)များနှင့်တကွ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးဝေထွန်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၇)**
**ရုံး- အမှတ်(B-5)၊ အခန်း (၄၀၁)၊ ဗိုလ်ဗထူးအိမ်ရာ ၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- 09-5046754, 09-785046754**

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာ-ရွာမရပ်ကွက်၊ ဘုရားလေးလမ်း၊ အကျယ်အဝန်း (အနံ ၂၂ပေ/၄၇ပေ/၂၅ပေ x အလျား ၅၆ပေ/၂၇ပေ/၈၃ပေ)ရှိ မြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါမြေကွက်ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိသူ ဒေါ်စမ်းစမ်းဝေ [၁၄/လပတ(နိုင်)၁၀၇၀၆၅]ထံမှ ဒေါ်သပြေအေး [၁/ကမန(နိုင်)၀၂၅၉၅၉]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများ ရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက်အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။

**ဒေါ်သပြေအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း- ၀၉-၅၁၈၁၈၂၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ် (၆၀၁)၊ ဦးပိုင်အမှတ် (၁၂၇-င)၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ ကိုယ်ရံတော်ဗလီမြောက်ဘက်ရှိ ဒေါ်တီ အမည်ပေါက် ဂရန်မြေကွက်အား ဦးတင်လေးနှင့်ဒေါ်တီတို့မှ သား၊ သမီး(၁၁)ဦးမွေးဖွားခဲ့ပါသည်။ အမည်ပေါက်သူ (မိခင်)ဒေါ်တီ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၈/၂၀၀၅)ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီးများ ဖြစ်သော ဒေါ်စန်းစန်းဝေ၊ ဒေါ်မြမြဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးခင်မောင်တင်၊ ဦးခင်မောင်လှ၊ဦးတင်မောင်ဌေး၊ ဒေါ်ရီရီလွင်၊ ဒေါ်တင်မေအေး၊ ဒေါ်မြတ်မြတ်စိုး၊ ဦးတင်မောင်စန်းတို့ (၁၁)ဦးအနက်၊ ဒေါ်စန်းစန်းဝေပါ (၈)ဦး ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၂၉/၂၀၀၅)ဖြင့် ဒေါ်မြမြဝင်း ပါ (၃)ဦးက လက်ခံခဲ့ပြီး၊ ၎င်းတို့(၃)ဦးအနက် ဒေါ်ရီရီလွင် ပါ (၂)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ် စာချုပ်အမှတ် (၈၄/၂၀၂၀)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်မြမြဝင်း [၉/အမရ (နိုင်)၀၄၉၅၇၀]က အမှုတွဲအမှတ်- ၄၄၄၆/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း(ခွဲကျန်) လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ် (၇၃၇)၊ ဦးပိုင်အမှတ် (၄၅)၊ ၇၀x၇၁ လမ်းကြား၊ ၂၉x၃၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူများဖြစ်သော ဒေါ်နွယ်နွယ်အေး၊ ဦးသန့်စင်၊ ဒေါ်အေးအေးလှိုင်၊ ဦးရဲတင့်၊ ဒေါ်မီမီဝင်း၊ ဒေါ်ဇင်မင်းထွေး၊ ဒေါ်ဖြိုးပြည့်ခင်၊ ဒေါ်ထူးထက်ထက်အောင်တို့ (၈)ဦးအနက် ဒေါ်အေးအေးလှိုင်(ခင်ပွန်း) ဦးလှဌေး (သား) ဦးဌေးအောင်ကျော် (လူပျိုကြီးဘဝ)ဖြင့်လည်းကောင်း အသီးသီး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၀၆၀/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နွယ်နွယ်အေး၊ ဦးသန့်စင်၊ ဒေါ်စုလှမွန်၊ ဒေါ်မီမီဝင်း၊ ဦးရဲတင့်၊ ဒေါ်ဇင်မင်းထွေး၊ ဒေါ်ဖြိုးပြည့်ခင်၊ ဒေါ်ထူးထက်ထက်အောင်တို့၏ (SP ရသူ ဦးခင်မောင်မြင့်) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၅၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ပြုံးပြုံးခိုင် [၉/မရမ(နိုင်)၀၂၉၂၀၉]က ၄၄၂၀/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၆x၇၇ လမ်းကြား၊ ၃၆ လမ်းရှိ ဦးသိန်းထွန်း+ဒေါ်စိုးစိုးအေးတို့မှ “ရွှေဇင်ထွန်း”ပရိဘောဂ အထပ်သား၊ ဖော်မီကာ၊ အရွယ်မျိုးစုံ တိုက်တံခါးကျည်းခွေဆိုဒ်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းအား လွန်ခဲ့သော နှစ်ပေါင်း (၄၀)ခန့်မှစ၍ ယနေ့အချိန်အထိ တစ်ဦးတည်းမူပိုင် (ဆိုင်ခွဲမရှိ) လုပ်ကိုင်လျက် ရှိပါသည်။ “ရွှေဇင်ထွန်း”ပရိဘောဂဆိုင်အမည်ဖြင့် မည်သည့် ဖုန်းဆင်းကတ်ကိုမှ မှတ်ပုံတင်၍ လုပ်ငန်းသုံးအဖြစ် အသုံးပြုခြင်း လုံးဝမရှိပါ။ “ရွှေဇင်ထွန်း” ပရိဘောဂလုပ်ငန်းများအမည်ဖြင့် အသုံးချ၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသိန်းထွန်း+ဒေါ်စိုးစိုးအေးတို့ သိရှိခြင်းရှိဘဲ ငွေရေးကြေးရေး အရှုပ်အရှင်းများ၊ လူမှုရေးအရှုပ်အရှင်းများ၊ စီးပွားရေးအရှုပ်အရှင်းများ ရှိခဲ့မည်ဆိုပါက ဦးသိန်းထွန်း+ ဒေါ်စိုးစိုးအေးတို့နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိဘဲ ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေ အပ်ပြီး ယခုအခါ “ရွှေဇင်ထွန်း”ပရိဘောဂ လုပ်ငန်းများအမည်ဖြင့် အသုံးပြု၍ လက်ကိုင်ဖုန်းများတွင် “ ရွှေဇင်ထွန်း”အမည် ထည့်သွင်း၍သော်လည်းကောင်း၊ ဘောင်ချာပေါ်တွင်လည်းကောင်း၊ အခြားစာရွက်စာတမ်းများပေါ်တွင်လည်း ကောင်း၊ ပုံနှိပ်ခြင်း၊ ရေးသားခြင်းများ ဆက်သွယ် ဆောင်ရွက်ခြင်းများ ပြုလုပ်ဆောင်ရွက်နေကြောင်း စုံစမ်းသိရှိရသဖြင့် “ရွှေဇင်ထွန်း”ပရိဘောဂ ဆိုင်နှင့် မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်း လုံးဝမရှိကြောင်း အသိပေးကြေညာ လိုက်ပါသည်။ “ ရွှေဇင်ထွန်း”ပရိဘောဂဆိုင်၏ အမည်နာမ ဆင်တူယိုးမှားဖြင့် အများထင်ယောင်ထင်မှားဖြစ်စေရန် ပြုမူခြင်းကိုဖြစ်စေ၊ ဖုန်းနံပါတ် တစ်ခုခုဖြင့်ဖြစ်စေ၊ ကိုင်ဆောင်သူနှင့်ပတ်သက်၍ဖြစ်စေ “ရွှေဇင်ထွန်း” ပရိဘောဂဆိုင်အား နာမည်ပျက်စေရန်သော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်သော်လည်းကောင်း အကျိုးစီးပွား ထိခိုက်ပျက်စီးစေသည့် ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေနှင့် အညီ ပြင်းပြင်းထန်ထန် ထိရောက်စွာ တရားစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသိန်းထွန်း(ခ)ဦးထွေးညို**
**(ဘ) ဦးအေးမောင်**
**[၉/မရမ(နိုင်)၀၀၁၀၉၃]**
**“ရွှေဇင်ထွန်း”ပရိဘောဂ**
**၃၆ လမ်း၊ ၇၆x၇၇ လမ်းကြား**
**မဟာအောင်မြေမြို့နယ်၊**
**မန္တလေးမြို့၊**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူထွေး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၂၁၀၅**

**ဦးခင်မောင်မြင့် (LL.B) (တရားလွှတ်တော်ရှေ့နေ) စဉ်-၇၁၄၂**
**ဦးဗိုလ်ကြီး (HGP) (အထက်တန်းရှေ့နေ) စဉ်-၉၃၃၃**
**ဒေါ်သင်းသင်းလှဲ့ (LL.B) (အထက်တန်းရှေ့နေ) စဉ်-၅၁၃၀၄**
**ဦးအောင်ပိုင်ထွေး (LL.B) (အထက်တန်းရှေ့နေ) စဉ်-၅၃၂၂၀**

**အမှတ် (၄၁၃/ခ)၊ ၃၇ လမ်း၊ ၇၀x၇၁ လမ်းကြား၊ အောင်ချမ်းအေးရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း- ၀၉-၂၀၅၅၈၇၅၊ ၀၉-၇၅၇၅၅၅၈၉၈**

## ပျောက်ဆုံးကြောင်း

မအေးမိမိခိုင် [၁၃/မဆတ(နိုင်)၀၆၆၅၁၈] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ် အကြောင်းကြားပေးရန် မေတ္တာရပ်ခံပါသည်။

**Ph: 09-440903121**

## ပျောက်ဆုံးကြောင်း

ဦးသန့်ဇော်ဦး [၁၂/ဥကမ(နိုင်)၁၈၆၅၆၈] ကိုင်ဆောင်သော သင်္ဘောသားကျွမ်းကျင်မှု လက်မှတ် EER, 4 TICKET များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-5034879**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၂၉)လမ်းနှင့် လမ်း(၃၀)ကြား၊ အမှတ်-၃၇၇/၃၈၃ဟုခေါ်တွင်သည့် (၈)ခန်းတွဲ(Penthouse) (၁၂)ထပ်တိုက်အဆောက်အဦမှ (၈)ထပ်၊ အခန်းအမှတ်-(E)၊ ဧရိယာ(၁၅ပေ x ၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆိုင် အပေါင်အနှံအရှုပ်အရှင်း ကင်းရှင်းကြောင်း၊ မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းနိုင်[၁၂/မရက(နိုင်)၁၀၅၃၁၈]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၉၉၅၉၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀.၉)၊ ဦးပိုင်အမှတ်(၅၅)၊ ၆၅x ၆၇ လမ်းကြား၊ ၁၁၄ x ၁၁၅ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးညွန့်လွင်ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၁၆၅၆/၂၀၀၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းအေးအောင် [၁၃/သပန(နိုင်)၀၃၃၉၈၉]က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်-၄၃၉၇/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊ အကွက် အမှတ်(၀.၉)၊ ဦးပိုင်အမှတ်(၅၆)၊ ၆၅ x ၆၇ လမ်းကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဆွေထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၂၀၂၀/၂၀၀၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်း အေးအောင် [၁၃/သပန(နိုင်)၀၃၃၉၈၉]က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၃၉၃/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၄၁)၊ ၅၁ လမ်း၊ အနော်ရထာလမ်းနှင့် ဘုရင့်နောင်လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးချစ်ရွှေ [၉/မရတ(နိုင်)၀၃၃၉၅၂]၏ (SP ရသူ ဦးမောင်မောင်နိုင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်-၄၄၁၁/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း / သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက် အမှတ် (ဠ-၇)၊ ဦးပိုင်အမှတ်- ၁၄၉ (ခဲစင်း)၊ ၆၄x၆၅ လမ်းကြား ကျန်စစ်သားလမ်းx ဇော်ဂျီလမ်းကြားရှိ တောဂရန်မြေကွက် အမည် ပေါက်သူ ဦးထွန်းရီ [၉/မရတ(နိုင်)၀၅၆၉၉၂]၊ AE-၂၁၂၅၁၃၏ SP ရသူ ဒေါ်သောင်းမြွေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်- ၄၃၈၁/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# မူးယစ်ဆိုက ဆန့်ကျင်ကြ




## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် အမှတ်(ပပ-၁၈)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၂x၆၃ လမ်းကြား၊ ယောမင်းကြီး လမ်း x ဖိုးရာဇာလမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်ဆန်းဝင်း(ခ) ဦးအောင်ဆန်း ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ်(၂၁၇၉/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အသီ [၉/မနမ(နိုင်)၀၃၇၈၃၆]၏ (GP ရသူ ဦးမြင့်ဇော်)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်- ၄၃၈၉/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည-၆)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၀Ax ၆၀B လမ်းကြား၊ မင်းရဲကျော်စွာ x ဗထူး လမ်းကြားရှိ တက ကံညွန့် အမည်ပေါက် တောဂရန်မြေကွက် အား (ဖခင်) ဦးကံညွန့်၊ (မိခင်) ဒေါ်စိန်ရွှေတို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ်(၁၇၀၀/ ၂၀၂၁)ဖြင့် အမွေဆက်ခံခဲ့သည့် တစ်ဦးတည်းသော သမီးဖြစ်သည့် ဒေါ်မြင့်မြင့်ခိုင်[၉/မနမ(နိုင်) ၁၀၃၈၀၁] ၏ (GP ရသူ ဒေါ်ဖြိုးဖြိုးလွင်) က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲ အမှတ် ၄၃၇၁/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၇)၊ ဦးပိုင်အမှတ်-၂၉(ခဲစင်း)၊ ၆၃x၆၄ လမ်းကြား၊ မင်္ဂလာလမ်းx စံပြလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျော်ရှိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၀၁၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ပန်းမြိုင် [၉/မရမ(နိုင်) ၀၂၉၀၄၇]၏ (GP ရသူ ဦးနန်းရအောင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်- ၄၄၀၁/ ၂၀၂၃-၂၀၂၄ ဖြင့်တောမှမြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၁)၊ ဦးပိုင်အမှတ်(၁၈)၊ ၆၀.A x ၆၀.B လမ်းကြား၊ မင်္ဂလာလမ်းနှင့် စံပြလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်ဌွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၀၂၃/၂၀၀၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းအေး [၁၃/နခန(နိုင်)၀၃၅၇၁၄]၏ (SP ရသူ ဦးတင်ထူး)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်- ၄၃၈၈/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၈)၊ ဦးပိုင်အမှတ်(၆၀)၊ ၄၆ x ၄၇ လမ်းကြား၊ ပိတောက်လမ်းနှင့် မဉ္ဇူလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးထွန်းရွှေ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၂၅၈/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်လှလှ [၉/မနတ(နိုင်)၀၂၉၂၁၁] ၏ (SP ရသူ ဒေါ်ဆွေဆွေတင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၃၆၃/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက် အမှတ် (ဠ-၇)၊ ဦးပိုင်အမှတ်- ၁၄၉ (ခဲစင်း)၊ ၆၄x၆၅ လမ်းကြား၊ ကျန်စစ်သားလမ်း x ဇော်ဂျီလမ်းကြားရှိ တောဂရန်မြေကွက် အမည် ပေါက်သူ ဦးထွန်းရီ [၉/မရတ(နိုင်) ၀၅၆၉၉၂]၊ AE-၂၁၂၅၁၃ ၏ (SP ရသူ ဒေါ်တင်မိုးခိုင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်- ၄၃၈၂/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ဦးပိုင်ခွဲ/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

"ရွှေတိမ်ယံ" အိမ်ခြံမြေ အကျိုးဆောင်
မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ ဒဂုံဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09-43064178, 09-444045130

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၈) ရပ်ကွက်၊ သခင်ဖိုးလှကြီး (၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၆)၊ မြေကွက်အမှတ်-၃၀၉(ခ)၊ အကျယ်အဝန်း (၂၀)ပေx(၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သူရ [၁၂/လသယ(နိုင်)၀၃၀၂၁၅] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ဆန်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၉၁)**
**ရုံးခန်းအမှတ်(၅)၊ ပထမထပ်၊ Strand Condo၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၄၀၆၈၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ၄၈ လမ်း၊ အမှတ် (၁၀၆/၁၀၈)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးမြင့်အောင်[၁၂/သဃက(နိုင်)၀၆၃၅၈၁]၊ ဒေါ်ခင်သီတာအေး[၁၂/သဃက(နိုင်)၀၆၃၅၈၂] တို့ထံမှ ကျွန်တော် ဦးတင့်ထူးနောင် [၁၂/ပဘတ(နိုင်)၀၃၁၃၈၆] နှင့် ဒေါ်ခင်စုစုလွင် [၁၃/တကန(နိုင်)၂၁၄၈၆၅] တို့သည် အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးတင့်ထူးနောင်နှင့် ဒေါ်ခင်စုစုလွင်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင့်ထူးနောင်**
**Ph:09–955567273**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ရတနာ၊ (၆) ခန်းတွဲ (၂)ထပ် Shop House တိုက်အမှတ်(၂)၊ အခန်းအမှတ်(၀၆) ကို မူလအမည်ပေါက်ပိုင်ရှင် ဦးချစ်တင် [၁၂/ပဇတ(နိုင်)၀၁၅၄၆၄] ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားကြောင်း အထောက်အထားများတင်ပြ၍ ဦးစံနုအောင် [၁၁/ကဖန(နိုင်)၀၅၉၂၃၈] က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် Owner Book ထုတ်ယူခွင့် ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နယ်မြေ (၉) နန်းခိုက်တိုးချဲ့အကွက်၊ ဦးပိုင်အမှတ် (၈၂) ဦးစိုင်းကျော်ကိုကိုစိုး အမည်ပေါက် ဂရန်မြေ၊ မြေပေါ်ရှိ အဆောက်အဦတို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်၊ အကွက် (၆၈၃)၊ (၇၃x၇၄) လမ်းကြား၊ ၃၆ လမ်းနေ ဦးစိုင်းကျော်ကိုကိုစိုး (ဘ–ဦးကျော်စိုး)၊ [၉/မဟမ(နိုင်)၀၃၄၂၀၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ဖော်ပြပါ မြေအဆောက်အဦတို့နှင့်ပတ်သက်၍ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်ပါသည်–

အထက်ဖော်ပြပါ ကျွန်ုပ်တို့မိတ်ဆွေ တရားဝင်အမည်ပေါက် လက်ရှိဖြစ်သော မြေနှင့် အဆောက်အဦရှိ အုတ်တံတိုင်းနှင့်သံတံခါးများ၊ အဆောက်အဦများ၏ တံခါးများကိုဖျက်ဆီးကာ ကျူးကျော်ဝင်ရောက်နေထိုင်သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဒေါ်ဖြိုးသီရိထွန်း၊ ဦးသက်ထွန်းဦးနှင့် ဒေါ်လှလှဝင်းတို့ မိသားစု (၃)ဦးအပေါ် လားရှိုးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၅၃/၂၀၂၂ တွင် (၂၂–၉–၂၀၂၂) နေ့က "တရားလိုပိုင်အိမ်နှင့်မြေတွင် ဝင်ရောက်ကျူးကျော်နေထိုင်သူများအား ဖယ်ရှားထွက်ခွာစေလိုမှုနှင့် အဆိုပါအိမ်နှင့်မြေအား တရားလိုထံ လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု" စွဲဆိုထားပါသည်။

ထိုသို့ အမှုစွဲဆိုထားစဉ်အတွင်း အမှုဖြစ်နေသည့်မြေကို ဒေါ်ဖြိုးသီရိထွန်းက လမ်းများဖောက်၊ အကွက်များရိုက်၍ ရောင်းချရန်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ ထို့ကြောင့် အထက်ပါ မြေနှင့်အဆောက်အဦကို ကျွန်ုပ်တို့မိတ်ဆွေ ဦးစိုင်းကျော်ကိုကိုစိုး သိရှိသဘောတူခြင်းမရှိဘဲ လွှဲပြောင်းမှု၊ ရောင်းချမှုများကို လက်ခံဆောင်ရွက်ခြင်းမပြုရန် အများသိစေရန်ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိုင်းကျော်ကိုကိုစိုး**
**(ဘ–ဦးကျော်စိုး)**
**[၉/မဟမ(နိုင်) ၀၃၄၂၀၁]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ညွှန့်**
**တရားလွှတ်တော်ရှေ့နေ**
**(အမှတ်စဉ်–၃၅၈၉)(၂၆–၂–၈၆)**
**ဒေါ်လွင်မာဌေး**
**တရားလွှတ်တော်ရှေ့နေ**
**(အမှတ်စဉ်–၁၃၄၄၃) (၂၈–၉–၂၀၁၇)**
**၃၅–ဘီလမ်း၊ (၆၃x၆၄)ကြား၊ မဟာမြိုင်ရပ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph:09–402778563**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၂)၊ အဓိပတိလမ်းထိပ်၊ (အလျားxအနံ) (၄၀x၅၅)ပေ မြေနှင့် မြေပေါ်ရှိခံစားခွင့်အရပ်ရပ်တို့အား ဦးစိုးမိုးအောင် [၁၂/သလန(နိုင်)၀၇၀၅၃၃] နှင့် ဦးသိန်းဝင်း [၁၂/သလန(နိုင်)၁၀၈၆၃၅] တို့က လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးဝင်းက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများ ယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်သန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၅၈၉)**
**အမှတ် (၃၆/က)၊ ကန်သာယာ (၁)လမ်း၊ ဒါရိကာရပ်ကွက်၊ သန်လျင်မြို့။ Ph–09–788133902**

ထွန်းတောက်ကြယ်
အိမ်ခြံမြေ အကျိုးဆောင်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်းရှိ
မြေကွက်များ ရောင်း/ဝယ်ရေးကို
ထွန်းတောက်ကြယ် အကျိုးဆောင်မှ
ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
09-443777598

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာလမ်း၊ အမှတ်(၉၅၄) နေ ဒေါ်ဝင်းဝင်းမြင့် [၁၂/ဥကတ(နိုင်)၀၇၉၁၇၀] ၏ သမီး မကျော့ငြိမ်းကေခိုင် [၁၂/ဥကတ(နိုင်)၁၇၄၂၁၂] သည် မိဘဆိုဆုံးမမှုများကိုမနာခံဘဲ အကြိမ်ကြိမ်မိဘစိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ဝင်းဝင်းမြင့် [၁၂/ဥကတ(နိုင်)၀၇၉၁၇၀]**

## ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ အမှတ်(၂၄၇/၂၆၉)၊ Delta Plaza ဝင်းအတွင်းရှိ တိုက်အမှတ်(D-2)၊ အခန်းအမှတ်(၃၀၄) တိုက်ခန်း ဝယ်ယူမည်ဖြစ်၍မည်သူမဆိုကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ပါတိုက်ခန်းကို တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုရောင်းချသူများဖြစ်သောဦးမြင့်လွင်(၁၄/ပသန(နိုင်)၀၈၈၈၄၇)နှင့်ဒေါ် မွှေးမွှေးလွင်(၁၄/မမန(နိုင်)၀၂၉၅၄၆)တို့ထံသို့ကျွန်ုပ်၏မိတ်ဆွေတစ်ဦးကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏တစ်စိတ်တစ်ဒေသ ကို(စရံငွေ)အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်၊အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းအထောက်အထား(မူရင်း)များနှင့်တကွကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်မြ (LL.B,LL.M,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)
အမှတ်(၁၄/မြေညီ)၊ရွှေဂုံတိုင်လမ်း(တာမွေOceanအရှေ့)၊ဗဟန်းမြို့နယ်။ ဖုန်း-၀၉၅၀၄၇၃၈၃

## ဦးဝင်းမြင့်ဦး [၁၀/ကတန(နိုင်)၁၆၁၁၂၉] ဇော်ဂျီလမ်းသွယ်(၄)၊ အလိုတော်ပြည့်(၅)လမ်း၊ အမှတ်(၄) ရပ်ကွက်၊ မြဝတီမြို့ဆိုသူနှင့် အများသိစေရန်

ဦးတုံချန်တာ (ခ) ဦးချမ်းသာ [၁၃/လရန(နိုင်)၀၈၃၄၆၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

၁။ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉၊ လူနေရပ်ကွက်အမှတ်–သုဝဏ္ဏ၊ မြေကွက်အမှတ်–၁/ခ၊ ဧရိယာ(၃.၄၀၀) ဧက၊ အကျယ်အဝန်း (၁၄၈၁၀၄) စတုရန်းပေရှိ နှစ်(၆၀) မြေငှားစာချုပ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေဂရန်အမည်ပေါက် ဦးအောင်မင်း (ဘ)ဦးကျော်အေး [၁၂/သဃက(နိုင်)၁၁၄၃၉၈] ထံမှ ၂၀၁၅ ခုနှစ်ကပင် ကာလတန်ကြေးဖြင့် အရောင်းအဝယ်ကတိစာချုပ်ပြုလုပ်ကာ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ဝယ်ယူခဲ့ကြောင်းကို ဦးအောင်မင်းကိုယ်တိုင် အထူးကိုယ်စားလှယ်လွှဲစာနှင့် ကျမ်းကျိန်ဆိုလွှာပြုလုပ်ပေးခဲ့ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့တွင် ဦးဝင်းမြင့်ဦးဆိုသူမှ ၎င်းအနေဖြင့် ဦးတုံချန်တာ(ခ)ဦးချမ်းသာ ဝယ်ယူထားသော မြေကွက်နှင့်ပတ်သက်သောကိစ္စအရပ်ရပ်ကို ကူညီဆောင်ရွက်ပေးမည်ဟု ကမ်းလှမ်းပြောဆိုသည်ကို ယုံကြည်သဖြင့် ဦးတုံချန်တာ(ခ)ဦးချမ်းသာမှ အချင်းဖြစ်မြေကွက်နှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်မှုအထောက်အထား အရေးကြီးစာရွက်စာတမ်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ခေတ္တပြသရန်ပေးအပ်ခဲ့သည့်အပြင် ၎င်းလိုအပ်သည်ဆိုသောစာချုပ်အချို့ကိုပင် ဟန်ဆောင်ချုပ်ဆိုပေးခဲ့ရပါသည်။ ယင်းသို့ ဟန်ဆောင်ချုပ်ဆိုပေးကြောင်းကိုလည်း ဦးဝင်းမြင့်ဦးကိုယ်တိုင် သီးသန့်စာချုပ်ဖြင့် ဦးတုံချန်တာ(ခ)ဦးချမ်းသာ ယုံကြည်အောင် ပြန်လည်ချုပ်ဆိုပေးခဲ့ပါသည်။

၃။ ယခုအခါ ဦးဝင်းမြင့်ဦးသည် ၎င်းချုပ်ဆိုပေးထားသော စာချုပ်စာတမ်းစည်းကမ်းချက်များကို လိုက်နာခြင်းမရှိဘဲ အချင်းဖြစ်မြေကွက်နှင့်ပတ်သက်၍ မမှန်မကန်သောလုပ်ဆောင်မှုများပြုလုပ်ရန်စီစဉ်ဆောင်ရွက်နေကြောင်း ဦးတုံချန်တာ (ခ) ဦးချမ်းသာမှသတင်းရရှိသဖြင့် ဦးဝင်းမြင့်ဦးအား ဆက်သွယ်မေးမြန်းရာ ဆက်သွယ်၍မရရှိတော့ပါ။ ထို့အတွက်ကြောင့် ၎င်းနှင့်သက်ဆိုင်သည့်ဌာနသို့ အရေးယူဆောင်ရွက်ပေးပါရန်တိုင်ကြားခဲ့ရာ ၎င်းမှာထွက်ပြေးတိမ်းရှောင်နေလျက်ရှိပါသည်။

၄။ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉၊ လူနေရပ်ကွက်အမှတ်–သုဝဏ္ဏ၊ မြေကွက်အမှတ်–၁/ခ၊ ဧရိယာ(၃.၄၀၀)ဧက၊ အကျယ်အဝန်း– (၁၄၈၁၀၄) စတုရန်းပေရှိ နှစ်(၆၀) မြေငှားစာချုပ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးတုံချန်တာ(ခ)ဦးချမ်းသာမှသာ ပိုင်ဆိုင်ပြီး မည်သူမျှ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ တစ်နည်းနည်းပေးကမ်းခွင့်၊ ပေါင်နှံခွင့်၊ လုံးဝမရှိပါကြောင်းနှင့် အထက်ပါမြေကွက်နှင့်စပ်လျဉ်း၍ ဦးတုံချန်တာ(ခ)ဦးချမ်းသာ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တစ်စုံတစ်ရာလျှောက်ထားခြင်း၊ အမည်ပြောင်းလဲခြင်းများကို လုံးဝပြုလုပ်ခွင့်မရှိပါကြောင်း တားမြစ်ကန့်ကွက်ပါသည်။

၅။ အချင်းဖြစ်မြေကွက်နှင့်စပ်လျဉ်း၍ ရယူသွားသောစာချုပ်စာတမ်းများကို (၇)ရက်အတွင်း ပြန်လည်ပေးအပ်ပါရန်နှင့် ဦးတုံချန်တာ(ခ)ဦးချမ်းသာ၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ တစ်စုံတစ်ရာလျှောက်ထားခြင်းများအတွက် ပြုလုပ်ဆောင်ရွက်သူများနှင့် အားပေးကူညီဆောင်ရွက်သူများကိုပါ တည်ဆဲဥပဒေနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတုံချန်တာ(ခ)ဦးချမ်းသာ**
**[၁၃/လရန(နိုင်)၀၈၃၄၆၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်သီတာလွင်**
**ဥပဒေဘွဲ့ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၃၁/၂၆–၃–၂၀၁၅)**
**အမှတ်–၁၉၊ ၁–လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊**
**ဆိပ်ကြီးခနောင်တိုမြို့နယ်။**
**Ph:09–420024923**

**ဒေါ်ကေခိုင်ထွေး**
**ဥပဒေဘွဲ့ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၈၇၂/၁၅–၁၂–၂၀၁၇)**
**အမှတ်(ဃ/၂၇)၊ မင်္ဂလာသီရိလမ်း၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊**
**ဆိပ်ကြီးခနောင်တိုမြို့နယ်။**
**Ph:09–420042684**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ သဃ်္ဃန်းကျွန်းကြီးရပ်ကွက်၊ ပေါက်ကုန်းရပ်ကွက်များရှိ လယ်မြေများနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင်အမှတ်-၁၉၊ ကွင်းအမှတ်နှင့် အမည်-၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဦးမြတ်နွယ်ဦး အမည်ပေါက် လယ်မြေ (၉)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင်အမှတ်-၂၉၊ ကွင်းအမှတ်နှင့် အမည်-၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဒေါ်ပုရွှေ အမည်ပေါက် လယ်မြေ (၅)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင် အမှတ်-၃၃၊ ကွင်းအမှတ်နှင့် အမည်-၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဒေါ်လှမြင့်အမည်ပေါက် လယ်မြေ(၄.၄၈)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင် အမှတ်-၃၈၊ ကွင်းအမှတ်နှင့်အမည်-၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဦးတင်အေး အမည်ပေါက် လယ်မြေ (၈)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင် အမှတ်-၆၉၊ ကွင်းအမှတ်နှင့် အမည်-၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဦးဝင်းလှိုင် အမည်ပေါက် လယ်မြေ (၀.၃၃)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၁၊ ကွင်းအမှတ်နှင့် အမည်-၄၀၇ C/စမ်းကြီးဝကွင်းရှိ ဦးကျော်ငွေ အမည်ပေါက် လယ်မြေ (၇.၈၃) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၃၊ ကွင်းအမှတ်နှင့် အမည်-၄၀၇C/စမ်းကြီးဝကွင်းရှိ ဦးစိန်သောင်း အမည်ပေါက် လယ်မြေ (၇.၁၃) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၅၊ ကွင်းအမှတ်နှင့် အမည်-၄၀၇ C/စမ်းကြီးဝကွင်းရှိ ဒေါ်လှဲ့လှဲ့ဝင်း အမည်ပေါက် လယ်မြေ (၁.၅၄)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၁၀၊ ကွင်းအမှတ်နှင့် အမည်-၄၀၇ C/စမ်းကြီးဝကွင်းရှိ ဒေါ်ရွှေကျင် အမည်ပေါက် လယ်မြေ (၅.၈၅)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၉၊ ကွင်းအမှတ်နှင့် အမည်-၄၀၈A/စမ်းကြီးဝကွင်းရှိ ဦးမြင့်ဆွေ အမည်ပေါက် လယ်မြေ (၃.၅၅)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး၊ ဦးပိုင် အမှတ်-၁၉၊ ကွင်းအမှတ် နှင့် အမည် -၅၃၄ A/သဃ်္ဃန်းကျွန်းကြီးကွင်းရှိ ဒေါ်ငြိမ်း အမည်ပေါက် လယ်မြေ (၁.၃၀)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး၊ ဦးပိုင် အမှတ်-၂၅၊ ကွင်းအမှတ်နှင့် အမည်-၅၃၄ A ရှိ ဒေါ်လှကြည် (ဘ) ဦးထွန်းမောင်အမည်ပေါက် လယ်မြေ (၈.၀၉)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး၊ ဦးပိုင် အမှတ်-၂၆၊ ကွင်းအမှတ်နှင့် အမည်-၅၃၄ A ရှိ ဒေါ်အေးမျှင် အမည်ပေါက် လယ်မြေ (၈.၁၀)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး၊ ဦးပိုင် အမှတ်-၂၇၊ ကွင်းအမှတ်နှင့် အမည်-၅၃၄ A ရှိ ဒေါ်လှကြည် (ဘ) ဦးထွန်းမောင် အမည်ပေါက် လယ်မြေ (၃.၈၄)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး၊ ဦးပိုင် အမှတ်-၃၀၊ ကွင်းအမှတ်နှင့် အမည်-၅၃၄ A ရှိ ဦးမောင်လှနှင့် ဦးငွေးမြင့်အမည်ပေါက် လယ်မြေ (၃.၇၃)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး၊ ဦးပိုင် အမှတ်-၃၇၊ ကွင်းအမှတ်နှင့် အမည်-၅၃၄ A ရှိ ဒေါ်ခင်တင့်ပါ (၄) ဦး အမည်ပေါက် လယ် (၈.၁၅) ကေ နှင့်
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီး၊ ဦးပိုင် အမှတ်-၃၈၊ ကွင်းအမှတ်နှင့် အမည်-၅၃၄ A ရှိ ဦးညီညီထွန်း အမည် ပေါက် လယ်မြေ (၃.၄၄)ကေ၊

စုစုပေါင်း လယ်မြေ (၈၉.၃၆) ကေတို့သည် ကာကွယ်ရေးဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်ပေးသည့် လယ်မြေများဖြစ်ပြီး နိုင်ငံတော်အစိုးရက မူလသိမ်းဆည်းခံ လယ်သမားများထံသို့ ၂၀၁၅/၂၀၁၆ တွင် လယ်လုပ်ခွင့်ပုံစံ (၃)နှင့်တကွ တရားဝင်ပြန်လည်ပေးအပ်ထားသည့် လယ်မြေများဖြစ်ပါသည်။

အထက်ဖော်ပြပါ ပုံစံ (၃) အမည်ပေါက် သိမ်းဆည်းခံတောင်သူ လယ်သမား (၁၇) ဦးအနေဖြင့်လည်း အဆိုပါလယ်မြေစုစုပေါင်း (၈၉.၃၆) ကေပေါ်တွင် ယနေ့တိုင် လယ်ယာစိုက်ပျိုးလုပ်ကိုင်လျက်ရှိနေကြပါသည်။

သို့ပါ၍ နိုင်ငံတော်အစိုးရ ပြန်လည်ပေးအပ်၍ တရားဝင် လက်ဝယ် ထားရှိကာ လက်ရှိစပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမား (၁၇)ဦး အမည်ပေါက် လယ်မြေ (၈၉.၃၆) ကေနှင့်ပတ်သက်၍ မူလပိုင်ရှင် လယ်သမားများ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကမျှ အခြားသူတစ်ပါးထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်လှူဒါန်းပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်းတို့ မပြုလုပ်ပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းထွဋ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၄၉၀၈)**
**အမှတ်(၁၁)၊ ကြေးပန်းတိမ်တန်းလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၂၀၁၀၅၈၊ ၀၉-၇၉၈၂၅၃၇၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း
## (SMVTI) အပတ်စဉ်(၁၀) Engineering & Technology ဝင်ခွင့်အောင်မြင်ခဲ့သူများအား ကျောင်းအပ်လက်ခံခြင်းနှင့် သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်နှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်သည်။
(၂) သင်တန်းကာလ(၆)လကို ပြီးဆုံးသည်အထိတက်ရောက်ရမည်ဖြစ်ပြီး အောင်မြင်ပါကသင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိပါမည်။
(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပါမည်။
(၄) Engineering & Technology ဘာသာရပ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်သောသင်တန်းသား၊ သင်တန်းသူများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။
(၅) နည်းပညာနှင့် သက်မွေးပညာ လုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သင်တန်းပြီးဆုံးပါက သက်ဆိုင်သော လုပ်ငန်းခွင်သို့ဝင်နိုင်မည့် သင်တန်းသား/သူများကို ဦးစားပေးပါမည်။
(၆) လျှောက်ထားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း အောင်လက်မှတ်မူရင်း/မိတ္တူ၊ အမှတ်စာရင်းမူရင်း/မိတ္တူ၊ ပတ်(စ်)ပို့ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာ မူရင်းတို့နှင့်အတူ ပူးတွဲ လျှောက်ထားရမည် ဖြစ်ပါသည်။
(၇) လျှောက်ထားသူများ Interview ဖြေဆိုရပါမည်။ ၂၀၂၀ပြည့်နှစ်၊ မတ်လ (၁၈)ရက်နေ့တွင် ဝင်ခွင့်အောင်မြင်ခဲ့ပြီးသော သင်တန်းသား၊ သင်တန်းသူများ Interview ထပ်မံဖြေဆိုရန် မလိုအပ်ပါ။

**ဖွင့်လှစ်မည့်သင်တန်းများ။ Courses for Engineering & Technology**

(၁) Electrical Technology
(၂) Electronics
(၃) Residential Air-Conditioning
(၄) Mechatronics (Basic Servicing)
(၅) General Welding

သင်တန်းဖွင့်လှစ်မည့်ရက် - ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်
သင်တန်းနေရာ - စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း၊ အမှတ်-၁၂၃၊ နတ်မောက်လမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်စုံစမ်းရန်ဖုန်း - ၀၉-၇၈၁၀၀၂၅၇၂
[လျှောက်ထားခြင်းကို(၂-၁၀-၂၀၂၃)ရက်နေ့မှ(၁၁-၁၀-၂၀၂၃)ရက်နေ့အထိနံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီအတွင်း လျှောက်ထားနိုင်ပါသည်။]
မှတ်ချက်။ အစိုးရရုံးပိတ်ရက်များပိတ်မည်ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ လူနေရပ်ကွက်အမှတ် (၈၂)၊ ဂရုဏာ(၁)လမ်း မြေကွက်အမှတ် - (၂၃၇)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးဘသိန်း အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အမှတ် ၂၃၇/က(ခေါင်းရင်းခြမ်း)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးတင်ထွေး [၁၂/ရကန (နိုင်) ၀၃၁၃၄၃]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးဝင်းကိုကို**
**[၁၂/ခရန (နိုင်) ၁၀၂၃၄၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇွန်မေဒေး**
**LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ည၊ မြေကွက်အမှတ်- ၇၂၃/က၊ အကျယ်အဝန်း (၂၀x၆၀)ပေ၊ (၁၂၀၀) စတုရန်းပေ အကျယ်ရှိ ဦးသူရလှိုင်(ခ)ဦးသန်းရွှေ အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၂၃/က)၊ ခေမာကျောင်းလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ အမည်ပေါက်ပိုင်ရှင်ဦးသူရလှိုင်(ခ)ဦးသန်းရွှေ [၇/ပတန(နိုင်)၀၁၂၅၇၉]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ခိုင်လုံသော အထောက်အထားပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| --- | --- |
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း- ၀၉-၄၃၀၃၃၉၉၀၊ ၀၉-၅၁၈၀၁၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-လေးထောင့်ကန်၊ ရိပ်သာလမ်း၊ မြေကွက်အမှတ်(၁၂၅)၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ နှစ် (၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဦးသက်မျိုးအောင် [၁၂/မဘန(နိုင်) ၀၀၁၉၉၈]နှင့် ဒေါ်ဥမ္မာဝင်း [၁၂/တမန(နိုင်)၀၀၁၂၃၇] အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်ပေါ်တွင် အမည်ပေါက်သူများကိုယ်တိုင် ရွှေအိမ်တော်ရာ ဆောက်လုပ်ရေးကုမ္ပဏီ အမည်ဖြင့် ဆောက်လုပ်ရောင်းချမည့် (၁၁.၆ ပေ x ၄၇ ပေ အမြင့် ၉ ပေ)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ဒုတိယထပ် (တိုက်အား မျက်နှာမူလျှင် ညာဘက်ခြမ်း) တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့အား အရှုပ်အရှင်းကင်းရှင်းပါကြောင်း ရောင်းချပိုင်ခွင့်အပြည့်ရှိသဖြင့် ကြိုပွဲဂွင့်စနစ်ဖြင့် ရောင်းချခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုလာသည့်အတွက် အဆိုပါတိုက်ခန်းအား အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက တိုက်ခန်းတန်ဖိုး၏ ၃၀% အား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀၊**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/ တောင်ရပ်ကွက်၊ ရှခင်းသာမြို့ပတ်လမ်း၊ တိုက်အမှတ်(၉၆၉/ခ)စတုတ္ထထပ်နေ ကျွန်ုပ်မိတ်ဆွေ ဦးကျော်စွာဝင်း[၁၂/သကတ(နိုင်)၁၆၉၈၄၇] ကိုင်ဆောင်သူမှ (၂၆-၁-၂၀၂၁)ရက်စွဲပါ **"မိသားစု စီမံခန့်ခွဲမှု သဘောတူစာချုပ်"**အရ မောင်ရဲရင့်မျိုးသိန်း၊ မောင်သီဟမျိုးသိန်းတို့ခံစားခွင့်ရရှိသည့် ငွေကျပ်သိန်း (၅၄၀)အား မိခင်ဖြစ်သူ ဒေါ်သန္တာလင်းအား အပြည့်အဝပေးအပ်ခဲ့ပြီး ဒေါ်သန္တာလင်းမှ အဆိုပါ ငွေကြေးဖြင့်သားသမီး (၂) ဦးအတွက် ၎င်းအမည်ဖြင့် သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ နဝရတ်(၅)လမ်း၊ အမှတ်(၂၈၀)၊ (၄၃ပေ x ၆၀ပေ) RC(၅) ထပ်တိုက်၏ (၃) ခန်းတွဲ (၅)လွှာ ခြေရင်းဘက်ခြမ်းတိုက်ခန်း အား ဝယ်ယူခဲ့ပြီး ဒေါ်သန္တာလင်းနှင့် ဦးကျော်စွာဝင်းတို့က (၃-၉-၂၀၂၃)ရက်စွဲပါ **"နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်"** ချုပ်ဆိုခဲ့ပါသည်။ အဆိုပါ စာချုပ်အရ ဒေါ်သန္တာလင်း မှ ကလေးများ အသက် (၁၈)နှစ်မပြည့်ချိန်တွင် အထက်ပါ တိုက်ခန်းအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံထားခြင်း တစ်စုံတစ်ရာပြုလုပ်နိုင်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မင်းကြည်**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၅၉၈၄) (၃-၉-၂၀၁၉)**
**အမှတ်(၂၃၆၃/က)၊ ဖေယျာဝတီ(၅)လမ်း၊ ၁၀/တောင်(၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၈၁၅၆၅၆၃**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂၅ဆင်ဂေါင်းဆင်း) ဦးပိုင်အမှတ်(၇၇/ဃ)၊ ဧရိယာ (၀.၁၈)ကေနှင့် ဦးပိုင်အမှတ် (၇၈/ည)ဧရိယာ (၁.၀၈)ကေ လယ်မြေသည် ဒေါ်အိအိခက် [၁၀/မဒန(နိုင်)၀၁၂၁၄၄]အမည်ဖြင့် လယ်ယာမြေလုပ်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရထားသော လယ်မြေဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အိအိခက် လုပ်ပိုင်ခွင့်ရရှိထားသော လယ်မြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမူရင်း(မိတ္တူမှန်) ပြန်လည်လျှောက်ထားသည့်အတွက် ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်အိအိခက်(လှည်းကူးမြို့)**
**ဖုန်း-၀၉-၄၄၃၉၀၂၂၇၇**

## "ဒေါ်ခင်ငြိမ်းချမ်းကို [ ၉/ခမစ(နိုင်) ၀၁၉၆၇၈] ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ကြောင်း အများသိစေရန်နှင့် သတိပေးတားမြစ်ချက်"

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ငြိမ်းချမ်းကိုသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်မြအေးအမည်ပေါက်၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မြိုင်ဟေဝန်ဥယျာဉ်အိမ်ရာ၊ (၈)ခန်းတွဲ၊ (၆)ထပ်တိုက်၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၅၀၄)၊ ပဉ္စမထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၇-၇-၂၀၂၂)နေ့က တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်စာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းပိုင်ငွေဖြင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့၍ ကျွန်ုပ်မိတ်ဆွေ၏ မောင်အရင်းဖြစ်သူ ဦးခိုင်မြဲကိုကိုတို့၏ ဇနီးမောင်နှံအား အခမဲ့နေထိုင်ခွင့်ပေးထားသည့် တိုက်ခန်းဖြစ်ပါသည်။

ယင်းတိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေ မသိရှိဘဲ မည်သူကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း လုံးဝပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန်နှင့် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ ယင်းတားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ခြင်းများ ပြုလုပ်ခဲ့သူရှိခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်ခင်ငြိမ်းချမ်းကို**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၄၄)**
**Ph:09-986252417, 09-400462518**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၂)၊ မြေကွက်အမှတ်(၁၆၈၃)၊ အကျယ်အဝန်း(၆၀ပေx၄၀ပေ)မှ (၂၅ ပေ x ၄၀ ပေ) ( အမှတ် ၁၈၈၄ နှင့် ကပ်လျက်ခြမ်း) ဒေါ်စုမာကျော် အမည်ပေါက် ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အဆိုပါ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဦးဖြိုးကျော်[၇/ပခန(နိုင်)၂၁၀၉၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်လွင်လတ်က ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ဤကြေညာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသော(မူရင်း)များနှင့်အတူ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇင်လင်းအောင် (LL.B),**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၄၄)**
**Ph:09-986252417, 09-400462518**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၂/အလောင်းစည်သူ၊ ဦးပိုင်အမှတ်(၄၉၊ ၅၀၊ ၅၁)၊ ဦးလှအောင်(ဘ) ဦးညိုမောင် [၉/တကန(နိုင်)၀၁၃၄၂၃] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်၊ ဧရိယာ(၀.၂၅၉)ကေအနက်မှ ဧရိယာ(၀.၀၅၇)ကေအား ဦးအောင်ကိုလတ် (ဘ)ဦးညွှန့်တင်[၉/တကန(နိုင်)၁၀၂၇၃၅]နှင့် ဦးပိုင်ခွဲ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၂/အလောင်းစည်သူ၊ ဦးပိုင်အမှတ်(၄၉၊ ၅၀၊ ၅၁)၊ ဦးလှအောင်(ဘ) ဦးညိုမောင် [၉/တကန(နိုင်)၀၁၃၄၂၃] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်၊ ဧရိယာ(၀.၂၅၉)ကေအနက်မှ ဧရိယာ(၀.၀၅၆)ကေအား ဦးတေဇာလင်း (ဘ)ဦးမျိုးမြင့် [၁၂/ဒပန(နိုင်)၀၄၅၆၁၉] နှင့် ဦးပိုင်ခွဲ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## သွေးသည် အသက်

## ဝမ်းနည်းကြေကွဲခြင်း

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) တည်ထောင်သူ ဥက္ကဋ္ဌဟောင်း ဒေါက်တာ (ဦးသန်းငြိမ်း) ၏ဇနီး ဒေါ်ခင်အေး (၈၃) နှစ် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

**ဦးခင်မောင်ဆွေ**
**ဗဟိုအကြံပေးအဖွဲ့ဝင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း

အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ(NDF) တည်ထောင်သူ ဥက္ကဋ္ဌဟောင်း ဒေါက်တာ(ဦးသန်းငြိမ်း) ၏ဇနီး ဒေါ်ခင်အေး (၈၃)နှစ် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းရပါကြောင်း။

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့်**
**ရဲဘော်ရဲဘက်များ**

## ဒေါ်စုစုရွှေ
**(ဗဟိုဘဏ်/အငြိမ်းစား)**
### အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ(ဦးဘရွှေ-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးဘလှ-ဒေါ်အေးလှိုင်)တို့၏ သမီးချွေးမ၊ (ဦးမျိုးညွန့်)၏ ချစ်လှစွာသောဇနီး၊(ဦးဌေးလွင်)၊ ဦးဇော်ညွန့်၊ ဦးဌေးနိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ငါးယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော အဘွား ဒေါ်စုစုရွှေသည် ၂၄-၉-၂၀၂၃ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ကွယ်လွန် သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၉-၂၀၂၃ (စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၁၀၃) အခန်း(၄)၊ မီးဒုံး(၂)လမ်း၊ သုဝဏ္ဏနေအိမ်သို့ တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Capt ဦးကျော်စိန်ဝင်း
**ဌာနမှူး(ငြိမ်း)ရေကြောင်းပညာဌာန၊ ရေကြောင်းသိပ္ပံ**
### အသက်(၆၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ဆူးကလပ်ကျေးရွာနေ (ဦးစိန်ဖေ-ဒေါ်မြကြည်)တို့၏သားကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်(၂)လမ်း၊အိမ်အမှတ်(၁၂၁၀)နေ ဒေါ်နွဲ့နွဲ့စန်း၏ ခင်ပွန်း၊ ဦးလမင်းထွန်း-ဒေါ်ဆုမွန်မွန်ဝင်း၊ Dr. သက်ဖြိုးဝင်း-Dr. အိဖြူဖြူတို့၏ ဖခင်၊ မသဲသီရိသက်၏ အဘိုး Capt ကျော်စိန်ဝင်းသည် ၂၅-၉-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၀:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၂၃ ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဟန်ဝင်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ၅၄လမ်း၊ အမှတ်(၇၇)နေ (ဦးဆိတ်မောင်-ဒေါ်ခင်ကျော့) တို့၏သား၊ ဦးဟန်ညွန့်၊ (ဒေါ်ဌေးရင်)၊ ဒေါ်ခင်ဌေးတို့၏ ညီ/ အစ်ကို၊ (ဦးအေးလွင်-ဒေါ်အေးအေးမြင့်)တို့၏သားသမက်၊ ဒေါ်သန်းသန်းအေး(ခ)ဒေါ်စီ၏ချစ်လှစွာသောခင်ပွန်း၊ မဝေဠုဝတီ၏ ကျေးဇူးရှင်မွေးသဖခင် ဦးဟန်ဝင်းသည် ၂၄-၉-၂၀၂၃ ရက် နံနက် ၁၀:၄၅ နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၂၃ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအားလုံး တို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဗိုလ်မှူးကြီး လှိုင်ထွန်း(ငြိမ်း)
**အပတ်စဉ်-၃၂**
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ No.(၁) ငွေပြည်သာရိပ်သာ၊ သုမင်္ဂလာလမ်းနေ(ဦးချစ်ထွေး-ဒေါ်သိန်းရင်)တို့၏သား၊ (ဦးတွဲ-ဒေါ်နန်းကောင်)တို့၏သားသမက်၊ ဒေါ်ညိုညို၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှိုင်မိုးထွန်း-ဒေါ်နှင်းဖွေးလင်း၊ ဦးအောင်ကျော်မျိုး-ဒေါ်နှင်းဖြူလှိုင်၊ ဦးစိုင်းမြတ်ညိုလှိုင်-ဒေါ်နှင်းဝတ်ရည်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၅-၉-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၂၃ရက် နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၂၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ သုမင်္ဂလာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီး လှိုင်ထွန်း(ငြိမ်း)
**အပတ်စဉ်-၃၂**
### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နေ (ဦးချစ်ထွေး-ဒေါ်သိန်းရင်)တို့၏သား၊ (ဒေါ်စန်းစန်း)၏ မောင်၊ (ဦးကျော်ကျော်)၊ ဒေါ်မြင့်မြင့်သန်း၊ (ဒေါ်အေးအေးမြင့်)၊ ဦးမြင့်သိန်း၊ ဒေါ်ခင်အေးမော်တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၂၅-၉-၂၀၂၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၂၃ ရက် နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးကျော်ကျော်(ခ)ဦးကြည်လင်
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်(၂) ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၃၀)နေ (ဦးသိန်းအောင်-ဒေါ်တင်တင်)တို့၏သား၊ (ဦးငွေဒု-ဒေါ်ခင်ဦး)တို့၏သားသမက်၊ ဒေါ်တင်တင်ထွေး(လ/ထ မန်နေဂျာ မြန်မာ့ပုလဲလုပ်ငန်း-ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးအေးလွင်-ဒေါ်အိန္ဒြေကျော်ကျော်၊ ဦးနန္ဒကျော်(ခေတ္တဂျပန်)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မခိုင်ပန်းရတီ၊ မောင်ဟိန်းထက်တို့၏ဘိုးဘိုး ဦးကျော်ကျော်(ခ)ဦးကြည်လင်သည် ၂၅-၉-၂၀၂၃ (တနင်္လာနေ့) နံနက် ၆:၅၀နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၉-၂၀၂၃ရက် နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၂၃ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးသာထိန်
**M.P.P.E မြန်မာ့ရေနံ (ငြိမ်း) (ဓနိတော)**
**ဌာနစိတ်မှူး**
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း(အထက်)၊ အမှတ် ၂၁၈/ခနေ (ဦးဆိုင်-ဒေါ်ပရဲ့)တို့၏သားထွေး၊ (ဦးဂွမ်းပုံ-ဒေါ်သန်းကြည်) တို့၏ သားသမက်၊ ဦးအာကာ၊ ဦးဝေဠု - ဒေါ်ဝေဝေထွန်း၊ ဒေါ်မာလာမြင့်၊ ဦးကိုကိုမောင်-ဒေါ်ခင်စန်းဌေး၊ ဦးအောင်ပြည့်စုံ-ဒေါ်ကလျာသစ်စု၊ (ဦးဝေလျှံ)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏ အဘိုး၊ ဒေါ်မြင့်မြင့်အေး၏ ချစ်လှစွာသော ခင်ပွန်း ဦးသာထိန် အသက် (၇၉)နှစ် သည် ၂၄-၉-၂၀၂၃ရက် ည ၁၀:၄၈ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ၂၆-၉-၂၀၂၃ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရပ်ကွက်၊ နယ်မြေ (၆)၊ အမှတ်(၄)၊ (အလျား ၂၂ ပေxအနံ ၅၅ပေ) အကျယ်အဝန်းရှိ ရွာမြေအမျိုးအစား၊ မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄)၊ မြို့ပတ်လမ်း၊ အုတ်ကျင်းပိုင်းနယ်မြေ သန်လျင်မြို့နယ်ဟု ခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့အား အဆက်အစပ်စာချုပ် အဆင့်ဆင့်ဖြင့် တရားဝင်လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိ ပြုသူ ဒေါ်နှင်းဝေစိုး [၁၂/သခန(နိုင်)၁၂၆၂၈၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL.B)** |
| **LL. B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | **(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါက်တာ ယဉ်ယဉ်သန်း
### အသက်(၆၃) နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ တိုက်(၁၇)၊ အခန်း(၇)နေ (ဦးထွန်းသန်း-ဒေါ်လှမြိုင်) တို့၏ သမီး၊ (ဦးကျင်ကော့-ဒေါ်ရှင်)တို့၏ သမီးချွေးမ၊ ဦးထွန်းကြည်၏ ချစ်လှစွာသော ဇနီး၊ (ဒေါက်တာထွန်းလွင်-မိုး/ဇလ) -ဒေါ်မူမူသန်းတို့၏ ညီမ၊ ဒေါက်တာဇော်မြင့်-ဒေါက်တာကြူကြူသန်း၊ ဦးခွန်မျိုးကျော်သူ-ဒေါ်အေးအေးသန်း၊ ဦးထင်အောင်ကျော်-ဒေါ်ဇင်မေကျော့ရှင်းတို့၏ အစ်မ၊ တူ/တူမ ၁၃ ယောက်တို့၏ အဒေါ်၊ သမီးစုယဉ်ထွန်း၊ သားဒေါက်တာ စိုးရန်အောင်တို့၏ မွေးသမိခင် ကျေးဇူးရှင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါက်တာယဉ်ယဉ်သန်းသည် ၂၄-၉-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၄၇ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၆ -၉ -၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၃၀-၉-၂၀၂၃(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြတ်သူ
**(UNDP/CDRT/HDI-UNESCO Mercycorps)ဝန်ထမ်းဟောင်း(ငြိမ်း)**
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ(ဦးချစ်-ဒေါ်သန်းသန်း)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ(ဦးစောထူးထူးဘော)-ဒေါ်ခင်ညွန့်ဝေတို့၏သားသမက်၊ နော်နှင်းမေထူး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဖုန်းမြတ်သူ၏ ချစ်လှစွာသောဖခင်၊ ဦးမျိုးလွင်-ဒေါ်နုနုခင်တို့၏ညီ/မောင်၊ ဦးမြတ်ဆွေ၊ (ဦးအောင်ဆွေ)-ဒေါ်ဝင်းမာထွန်း၊ (ဒေါ်ချိုချိုမာ)၊ ဒေါ်မြင့် မြင့်ကြည်တို့၏အစ်ကိုသည် ၂၅-၉-၂၀၂၃ရက် နံနက် ၈:၄၅ နာရီတွင် အမှတ်(၁၆၄)၊ ရာဇသင်္ကြန်(၄)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၇-၉-၂၀၂၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး မှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းကျော်ဦး
**A.G.T.I (Civil), B.A(Law)**
**Dip. in Journalism (Hongkong Baptist University)**
**M.A International Journalism ( UC Berkeley)**
**(The Myanmar Times သတင်းစာ သတင်းထောက်ချုပ်ဟောင်း)**
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သာခုအိမ်ရာနေ (ဦးစိန်ဝင်း)-ဒေါ်ကြင်ကြည် တို့၏သားကြီး၊ ဦးမိုးဇော်-ဒေါ်စိုးစိုးထား၊ ဦးစိုးမိုးဝင်း-ဒေါ်တင်တင်ဝင်း၊ ဦးဝင်းထက်အောင်-ဒေါ်တင်စုလှိုင်၊ ဦးမင်းဇော်-ဒေါ်စောယုနွယ်တို့၏အစ်ကိုကြီး၊ မကြယ်စင်ယံ၊ မထက် အိမ်ဝင်းတို့၏ဖခင်၊ ဒေါ်ဇင်မာအေး၏ခင်ပွန်း၊ တူ/တူမ ခုနစ်ယောက်တို့၏ ဘကြီး ဦးဝင်းကျော်ဦး အသက်(၅၈)နှစ်သည် ၂၄-၉-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၄:၀၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့်ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ် ကလာပ်ကို ၂၄-၉-၂၀၂၃(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်၍ မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်မြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည် ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ၃၀-၉-၂၀၂၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာအောင်နိုင်(ခ)ခင်မောင်သန်း၊ သခ-၄၂၊ 1st Batch UDMY Alumnus မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ သက်ကြီးပူဇော်ကန်တော့ခံစာရင်းဝင် အသက် (၇၉)နှစ်သည် ၂၃-၉-၂၀၂၃ ရက် ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

**လူသားတို့၏**
**ကျန်းမာရေး**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းပေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ သံသုမာလမ်းပေါ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ် ၄ နှင့် ၈က^၁၊ ၁၁က^၁၊ ၁၁ခ^၁/၁၊ မြေဧရိယာ(၁၃.၈၆၂)ဧကဟုခေါ်တွင်သော ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ ပိုင်ဆိုင်သည့်မြေကွက်ပေါ်မှ ခွဲစိတ်ဂရန်ထုတ်ယူပြီးဖြစ်သည့် မြေကွက်အမှတ် ၄ နှင့် ၈က^၁၊ ၁၁က^၁၊ ၁၁ခ^၁/၁/၄၁(၄၀ ပေ x ၆၀ ပေ) (၂၄၀၀)စတုရန်းပေ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ရွှေသံလွင် ထရေးဒင်းကုမ္ပဏီလီမိတက်မှ တရားဝင်ပိုင်ဆိုင်ပြီး ကိုယ်တိုင်ရောင်းချခွင့်ရှိသော မြေကွက်ဖြစ်ကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁)ဦးအောင်မြင့်မိုး၊ (၂)ဒေါ်ဟေမာအောင်တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့်ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက် ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက် အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင် LL.B, LL.M, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)**
**အမှတ်(၉၇၇)၊ အင်း၀(၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-880888317, 09-692214348**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို ပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုအပ်…**

❖ **ငယ်စဉ်ဘဝထဲက စာကောင်းပေမွန်များ ဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ကိန်းအောင်းနိုင်စေရန် အခြေခံစိတ်ဓာတ်ကောင်းများလည်း ရရှိစေမည်ဖြစ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်)(၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲများ ပြီးဆုံးခဲ့ပြီး မြန်မာနှင့် ဂျပန်အသင်း ရှုံးထွက်အဆင့်တွင် ဆုံတွေ့

ရန်ကုန် စက်တင်ဘာ ၂၅

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ စက်တင်ဘာ ၂၅ ရက်က ပြီးဆုံးခဲ့ပြီး မြန်မာအသင်းသည် ရှုံးထွက်အဆင့်တွင် နာမည်ကြီး ဂျပန်အသင်းနှင့် ဆုံတွေ့ခဲ့သည်။



အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(A)၌ အိမ်ရှင်တရုတ်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ အိန္ဒိယအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(B)၌ အီရန်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ဆော်ဒီအာရေဗျအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(C)၌ ဥဇဘက်ကစ္စတန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ဟောင်ကောင်အသင်းက ရမှတ်မရရှိဘဲ အုပ်စုဒုတိယ၊ အုပ်စု(D)၌ ဂျပန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ပါလက်စတိုင်းအသင်းက တစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(E)၌ တောင်ကိုရီးယားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဘာရိန်းအသင်းက နှစ်မှတ်ဖြင့် ဒုတိယ၊ အုပ်စု(F)၌ မြောက်ကိုရီးယားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ○

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း နိုင်ပွဲစတင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၅**

(၁၉)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို စက်တင်ဘာ ၂၅ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲစတင်ရရှိသည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဟောင်ကောင်အသင်းနှင့် တွေ့ဆုံခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အုပ်စုပထမပွဲတွင် တောင်ကိုရီးယားကို ဂိုးပြတ်အရေးနိမ့်ထားသည့် မြန်မာအသင်းသည် ယခုပွဲ အနိုင်ရခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိလာသည်။

**အနိုင်ဂိုးရ**

နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ၆၉ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို လူစားဝင်ကစားသမား မြတ်နိုးခင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဟောင်ကောင်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ပွဲဆက်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✪

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၅**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ **မိုး/ဇလ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၂၅

| | |
|---|---|
| မြစ်ကြီးနား | ၂ ဒသမ ၆၇ လက်မ |
| ကိုကိုးကျွန်း | ၁ ဒသမ ၉၀ လက်မ |
| ဟားခါး | ၁ ဒသမ ၆၁ လက်မ |
| မိုင်းယန်း | ၁ ဒသမ ၅၇ လက်မ |
| လှိုင်ကော် | ၁ ဒသမ ၅၄ လက်မ |
| ထားဝယ် | ၁ ဒသမ ၃၀ လက်မ |
| မချမ်းဘော | ၁ ဒသမ ၁၈ လက်မ |

**ယနေ့ ဖတ်စရာ**

**အစိမ်းရောင်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အားလုံးပါဝင်ကြိုးစားပေး**

ဆောင်းပါး စာမျက်နှာ » ၁၁

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကြောင့် သေဆုံးသူ ၉၀၀ ကျော်ရှိလာ**




စာမျက်နှာ » ၁၃

**လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ လူငယ်စကားဝိုင်းနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ**

စာမျက်နှာ » ၁၅

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန်စျေးနှုန်းများနှင့် စီးထွက်မှု**

စာမျက်နှာ » ၁၈